www.burmeseclassic.com

# ရှုငှ

အချစ်ဆိုင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၉၀၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၁၂၁၂၁၁
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၁၀၀၀
ထုတ်ဝေသူ - ဦးဝင်းသူရလွင်
အိပ်မက်အသစ်စာပေ
၃၈၊ (၃)လွှာ၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - Colour King
မျက်နှာဖုံးဒီဇိုင်း - ရဲဝင့်ကျော် (ခ) ရဲလေး
ကွန်ပျူတာစာစီ - ကြယ်စင်သစ်
အတွင်းဖလင် - Colour King
မျက်နှာဖုံးဖလင် - Colour King
တန်ဖိုး - ၂၀၀၀ ကျပ်
ဖြန့်ချိရေး - မနွေးနွေး (အဖြူရောင်စာပေ)
တိုက် (F-1)၊ အခန်းအမှတ် (301)၊
ရွှင်းသာ အဆင့်မြင့်အိမ်ယာ၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၉၇၆၁၄၅၂

လူနေ ၈၉၅.၈၃
အချစ်ဆိုင်/ လူနေ။ - ရန်ကုန်၊
အိပ်မက်အသစ်စာပေ၊ ၂၀၁၁။
၂၂၇-စာ၊ ၁၂.၅ × ၁၈.၅ စင်တီမီတာ။
(၁) အချစ်ဆိုင်

BURMESE CLASSIC .com

**လူနေ**

# အချစ်ဆိုင်

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

(က)

ဆိုင်တစ်ဆိုင် ဖြစ်သည်။ ကော်ဖီနှင့် အသည်းပုံစံမုန့်သာ ရရှိပြီး အတွဲများသာထိုင်သည့် ဆိုင်တစ်ဆိုင်လည်း ဖြစ်သည်။

နေရာထိုင်ခင်းမှာ လွတ်လပ်မှုရှိပြီး သီးသန့်ဆန်သောကြောင့် အတွဲများ ကြိုက်နှစ်သက်လေ့ရှိကြသည်။

ထိုဆိုင်ကိုထိုင်သည့် အတွဲများသည် ကော်ဖီနှင့်မုန့်အတွက် ငွေပေးချေရခြင်း မရှိချေ။

ထိုင်သည့်အချိန်အတွက်သာ ငွေပေးချေရခြင်းဖြစ်သည်။ ကော်ဖီနှင့်မုန့်ကတော့ အလကား ချပေးခြင်း ဖြစ်သည်။

ထို့ကြောင့် 'ကိုယ့်ချစ်သူကို တန်ဖိုးရှိရှိ အချိန်များနှင့် တွေ့ရခြင်း'ဟုဆိုပြီး ထိုင်သည့်အတွဲများက ဂုဏ်ယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့ပြင် အခြားထူးခြားချက်လေးတွေလည်း ရှိသေးသည်။ ထိုအရာများမပြောခင် ဆိုင်နာမည်ကို အရင်ပြောချင်သည်။

ဆိုင်၏ အမည်မှာ 'အချစ်ဆိုင်'ဟု အမည်တွင်သည်။

BURMESE CLASSIC .com

(ခ)

ဆိုင်ထဲ ဝင်ဝင်ချင်း ကောင်တာတစ်ခုကို တွေ့ရမည် ဖြစ်သည်။ ထိုကောင်တာပေါ်တွင် မည်သည့်ပစ္စည်းမှ မတင်ထားဘဲ စာအုပ်ခပ်ကြီးကြီးတစ်အုပ်သာ တင်ထားသည်။

ဆိုင်ထဲသို့ ဝင်လာသောစုံတွဲသည် ထိုစာအုပ်ဆီသို့ သွားရပြီး နံပါတ်စဉ်တပ်ကာ 'အမှတ်တရ' လက်မှတ်ရေးထိုးရလေ့ရှိသည်။

မရေးထိုးလည်း ရပါသည်။ သို့သော် ဆိုင်လာသည့် အတွဲတိုင်းကတော့ ထိုစာအုပ်ထဲတွင် အမှတ်တရစကားများရေးကာ လက်မှတ်ထိုးလေ့ ရှိသည်။


ထိုသို့ လက်မှတ်ထိုးပြီးပါက ဆိုင်စည်းကမ်းအတိုင်း နံရံတွင်ကပ်ထားသော 'လက်လှည့်အဝိုင်း'ရှိရာသို့ သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုလက်လှည့်အဝိုင်းကို နမူနာပြရမည်ဆိုပါက တစ်ဖက်ပါ အတိုင်း ဖြစ်သည်။

■




www.burmeseclassic.com

www.burmeseclassic.com


ထိုလက်လှည့်အဝိုင်းဖြင့် မိမိထိုင်ရမည့် ထိုင်ခုံနေရာကို ရွေးရခြင်းဖြစ်သည်။ ထိုစက်ဝိုင်းထဲတွင် နံပါတ်စဉ်များ ရေးထားသည်။

မလွတ်တော့သည့် ထိုင်ခုံနံပါက်များကိုတော့ အမှတ်အသားများ ပြုလုပ်ထားသည်။

ထိုမလွတ်သည့် ခုံများကို ကျရောက်သွားခဲ့ပါက နောက်တစ်ခါ ထပ်လှည့်ရန်ဖြစ်သည်။

နံပါတ် (၅) ကျသည်ဆိုပါစို့. . . ထိုအခါ သင်တို့စုံတွဲသည် နံပါတ် (၅)ခုံတွင် ထိုင်ရမည် ဖြစ်သည်။

ထိုလက်လှည့်စက်ဝိုင်း၏ဘေးရှိ နံရံများတွင် နံပါတ်စဉ်အလိုက် စာသားများ ရေးသားထားသေးသည်။

ဥပမာ နံပါတ် (၅)ကျသည့်စုံတွဲသည် မိမိနှင့်သက်ဆိုင်ရာနံပါတ်ဖြစ်သည့် နံပါတ် (၅)ကို ဖတ်ကြည့်မည်ဆိုပါက အောက်ပါအတိုင်း တွေ့ရမည် ဖြစ်သည်။

## ခုံနံပါတ် (၅)

နံပါတ် (၅)တွင် ထိုင်ရမည့်စုံတွဲသည် နှစ်ယောက်တည်း ထိုင်စကားပြောရတာ ပျင်းရိနေမည်ဆိုပါက အောက်ပါကစားနည်းဂိမ်းများကို ခုံနေရာတွင်ပင် အခမဲ့ ရရှိနိုင်ပါသည်။

(က) အချစ်ကတ်ကစားနည်း

(ခ) Love Puzzel Book

www.burmeseclassic.com

www.burmeseclassic.com

(ဂ) Lovepoly (မိုနိုပိုလီကစားနည်းအား အချစ်အတွက် ပြုပြင်ထားခြင်းဖြစ်)

(ဃ) ဒူးထောက်တောင်းပန် ချစ်ခွင့်ပန်ကစားနည်း

(င) ချစ်ခြင်း ဘယ်ညာ ကစားနည်း

စသည်တို့အား ခုံ၏ ဘယ်ဘက်အောက်ခြေတွင် ကစားရမည့် ပုံစံနှင့် ရှင်းလင်းမှုများနှင့်အတူ ကစားနိုင်ပါသည်။ (အခြားနံပါတ်ခုံများတွင်လည်း သူ့ကစားနည်းများနှင့်သူ ဖြစ်သည်။)

ထို့ပြင် နံပါတ်စဉ်နေရာများ၏ ထူးခြားချက်များကိုလည်း ရေးထားသေးသည်။ ဥပမာ- နံပါတ် (၅)အောက်တွင်-

(က) ရှုခင်းပိုကောင်းခြင်း

(ခ) နှစ်ဦးသား နားဆင်နိုင်သည့် နားကျပ်နှစ်စုံနှင့် ကြိုက်နှစ်သက်ရာ သီချင်းနားထောင်ခွင့်

(ဂ) ကော်ဖီအပို သုံးဆောင်ခွင့်များ ရရှိမည် စသည်ဖြင့် ဖြစ်ပါသည်။

အခြားအချက်အလက်များလည်း ပါသေးသည်။ အသေးစိတ်ကိုတော့ ဤနေရာတွင် မပြောတော့. . .။ ထိုသို့ဖြင့် မိမိနှင့် သက်ဆိုင်ရာ ခုံနံပါတ်အကြောင်း ဖတ်ပြီးပါက နောက်ထပ် ကောင်တာတစ်ခုတွင် ကော်ဖီနှင့်မုန့်တို့ကို ကိုယ်တိုင်ယူ စနစ်ဖြင့်ယူပြီး မိမိထိုင်ခုံနံပါတ်တွင် သွားရောက်ထိုင်နိုင်ပြီဖြစ်ပါသည်။

■

(ဂ)

ခပ်ဆန်းဆန်းလုပ်ထားပြီး စုံတွဲများ မပျင်းရိ မငြီးငွေ့အောင်၊ Romance ဆန်ဆန်နေနိုင်အောင် ဝန်ဆောင်မှုပေးသည့်ဆိုင် ဖြစ်သည်။

ရိုးသားရမည်။ ညစ်တီးညစ်ပတ် အပြုအမူများကို ဆိုင်က လက်မခံပေ။ ထို့ကြောင့် ထို 'အချစ်ဆိုင်'သည် စုံတွဲများကြားတွင် နာမည်ကြီးနေလေသည်။

အချိန်ကိုလိုက်၍ ငွေကြေးယူသည်ဆိုသော်လည်း ဈေးနှုန်းကြီးမြင့်သည့် ဈေးမဟုတ်ဘဲ ဝန်ဆောင်မှုနှင့်တန်သည့် ဈေးမျိုးဖြစ်၍ လာရောက်သူတိုင်းက ကျေနပ်ကြသည်။

နောက်တစ်ခါ လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါ ထိုင်ခုံပြည့်နေသောကြောင့် ပြန်သွားရသည့် စုံတွဲများလည်း ရှိသည်။

ထိုသို့သော ဆိုင်မျိုး ဖြစ်သည်။

■



(ဃ)

'အချစ်ဆိုင်'သည် ယခုမှ ဖွင့်သည့်ဆိုင်တော့ မဟုတ်ပါ။ ရှေးအဆက်ဆက်က ဖွင့်ခဲ့သည့်ဆိုင် ဖြစ်သည်။

ယခု ဤဆိုင်ကိုပိုင်သော ဦးလေးကြီးကလည်း သူ့အဖေဆီက ဒီ 'အချစ်ဆိုင်'ကို အမွေရခဲ့ခြင်း ဖြစ်သည်။

ခေတ်အဆက်ဆက် ပြောင်းလာခဲ့သောကြောင့် ခေတ်နှင့် လျော်ညီအောင် နည်းစနစ်များ ပြုပြင်ခဲ့ကြသည်။

ရှေးခေတ်တုန်းကတော့ ရှေးခေတ်စတိုင်၊ အခုခေတ်တော့ အခုခေတ်စတိုင်မျိုး ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ 'အချစ်ဆိုင်'သည် အမျိုးမျိုးဆန်းသစ်နေလေသည်။ အတွဲပေါင်းစုံလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ရင်ခုန်ကြသည်။ ပျော်ကြသည်။ တချို့အိမ်ထောင်ကျပြီး ကြသော်လည်း ချစ်သူဘဝကိုလွမ်း၍ တကူးတက ပြန်လာထိုင်သူများလည်း ရှိသည်။

■



ဤသို့ဖြင့် 'အချစ်ဆိုင်'သည် စုံတွဲများသာထိုင်သည့် နာမည်ကြီး ဆိုင်တစ်ဆိုင် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့

ထိုဆိုင်လေးထဲသို့ . . .

www.burmeseclassic.com

www.burmeseclassic.com

(၁)

ရာသီဥတုက အေးဆေးဖြစ်နေသည်။ တစ်ခါတစ်ရံ လေပွေလေး တိုက်သည်မှအပ အပြင်တွင် ပူခြင်း၊ အေးခြင်းမရှိဘဲ မျှတသည့် ရာသီဥတုဖြစ်နေသည်။

လေပွေလေးတွေကြောင့် လွင့်လာသော သစ်ရွက်လေးအချို့ကတော့ 'အချစ်ဆိုင်'၏ ဆိုင်းဘုတ်ကလေးကို လာထိကြသောကြောင့် ဆိုင်းဘုတ်က လှုပ်ယမ်းနေသည်။

အပြင်ကနည်းတူ ဆိုင်ထဲမှာလည်း တိတ်ဆိတ်ငြိမ်းချမ်းနေ၏။ ဆူညံခြင်းမရှိဘဲ ကိုယ့်ခုံ၊ ကိုယ့်နေရာမှာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဆင်ပြေနေကြလေသည်။

ဒီနေ့ လူနည်းနည်းပါးသောကြောင့် ဆိုင်ရှင်ဦးလေးကြီးက 'အမှတ်တရစာအုပ်'ရှိရာကောင်တာတွင် မိန့်မိန့်ကြီးထိုင်နေပြီး စာအုပ်တစ်အုပ် ဖတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီနှင့် မုန့်ကောင်တာမှ မိန်းကလေးနှစ်ဦးကလည်း စကားတိုးတိုးပြောရင်း အလုပ်ပြင်နေကြလေသည်။

သူတို့နေရာနှင့် အတွဲများထိုင်သည့်ခုံများသည် တစ်သီးတစ်သန့်စီဖြစ်သောကြောင့် သူတို့က အတွဲများကို ဂရုတစိုက်ကြည့်နေရခြင်း၊ အတွဲများကလည်း သူတို့ကို ပြန်ကြည့်နေရခြင်း မရှိသောကြောင့် အဆင်ပြေလေသည်။

အချိန်သည် နေ့လယ် (၁၂)နာရီဖြစ်သည်။

ဆိုင်ထဲက အဲယားကွန်း၏ အေးမြမှုကြောင့် ဆိုင်ရှင်ဦးလေးကြီးမှာ နည်းနည်းအေးသလို ဖြစ်သွားသည်။

ဖတ်နေသည့် စာအုပ်ကလည်း စိတ်ဝင်စားဖို့ မကောင်းသောကြောင့် ဘေးကိုချထားလိုက်ပြီး ရှေ့ရှိ 'အမှတ်တရစာအုပ်'ကို လှမ်းဆွဲယူလိုက်သည်။

ထို့နောက် စာအုပ်ကို ဖွင့်လိုက်ပြီး နံပါတ်စဉ်ကို တစ်ချက်ကြည့်လိုက်သည်။ ထိုအခါမှ တစ်စုံတစ်ခုကို သတိရမိလိုက်ပြီး 'တော်သေးတာပေါ့၊ မေ့တော့မလို'ဟု ရေရွတ်လိုက်ရင်း. . . စာအုပ်ကြားတွင် ညှပ်ထားသော ဘောပင်ကို ကောက်ကိုင်လိုက်ပြီး စာအုပ်ထဲမှာ တစ်စုံတစ်ခု ချရေးလိုက်သည်။

"ဟင်. . . အရေးထဲ မင်က ကုန်နေပြီ"

မင်ကုန်နေသောကြောင့် စာအုပ်ထဲတွင် ရေးမရဘဲ ဖြစ်နေသည်။



ထို့ကြောင့် ကောင်တာမှထပြီး ဆိုင်နောက်ဘက်ရှိ စတိုခန်းထဲသို့ ဘောပင်အသစ်ယူရန်အတွက် ဝင်သွားလိုက်သည်။

ထိုအချိန်တွင် ဆိုင်အဝင်တံခါး ပွင့်သွားပြီး စုံတွဲတစ်တွဲ ဝင်လာသောကြောင့် အပြင်ကလေတချို့ အထဲဝင်လာသည်။

မုန့်ကောင်တာမှ မိန်းကလေးနှစ်ယောက်က တစ်ချက် မော့ကြည့်သည်။ ထို့နောက် 'အချစ်ဆိုင်'၏ ထုံးစံအတိုင်း မျက်လွှာလေး ပြန်ချထားသည်။

ဝင်လာသောစုံတွဲမှာ ကောင်တာရှိ 'အမှတ်တရ'စာအုပ်ဆီသို့ တန်းသွားလိုက်ပြီး-

"ဘာရေးရင် ကောင်းမလဲ"

ကောင်လေးက ကောင်မလေးကို တိုးတိုးလေး ကပ်မေးလိုက်သည်။

"ကို. . . ကြိုက်တာ ရေးပါ'

ထိုသို့ဖြင့် အချင်းချင်း သူရေးကိုယ်ရေးဖြစ်နေတုန်း ကောင်လေးက ဘောပင်ကို ဆတ်ခနဲ ကောက်ကိုင်လိုက်ပြီး နံပါတ်စဉ် အရင်ထိုးလိုက်သည်။

"ဟာ. . . ဘောပင်က မင်ကုန်နေတယ်ဟ"

"ကြာညိုမှာပါတယ်"

ကောင်မလေးက သူ့လွယ်အိတ်ထဲက ဘောပင်ကိုထုတ်ပြီး ပေးလိုက်သည်။

www.burmeseclassic.com

ကောင်လေးကလည်း ကောင်မလေး ဘောပင်ကို ယူလိုက်ပြီး လက်ရှိရောက်နေတဲ့ နံပါတ်စဉ်ကို အရင်ရေးလိုက်သည်။

ထို့နောက် ဘေးရှိ အကွက်များတွင် နာမည်များနှင့် အခြား အရာများဖြည့်ပြီး ကွက်လပ်ရှည် တစ်ခုတွင်တော့ စာတန်း တစ်တန်း ချရေးလိုက်၏။

“ဘာရေးတာလဲ”

ကောင်မလေးက စာအုပ်ကို အတင်းယူကြည့်သည်။

ကောင်လေးကလည်း မပြသေးဘဲ ပုန်းလျှိုးကွယ်လျှိုးနဲ့ ဆက်ရေးနေသောကြောင့် ကောင်မလေးမှာ သိချင်စိတ်ပြင်းပြလာပြီး အတင်းဆွဲယူကြည့်လိုက်သည်။

“အံမယ်. . . ဘယ်ဆိုးလို့တုံး၊ ရေးတတ်သားပဲ”

ကောင်မလေးက ကောင်လေးရေးထားသည်ကို သဘောကျပြီး တခစ်ခစ်ရယ်နေလေသည်။

“ကြာညိုလည်း ရေးဦးလေ”

“ရေးတတ်ဘူး”

“တစ်ခုခုပေါ့”

“ဟာ. . . ရေးချင်ပါဘူးဆို”

ထို့ကြောင့် ကောင်လေးက အတင်းမတိုက်တွန်းတော့ဘဲ ဘေးရှိ လက်လှည့်စက်ဝိုင်းရှေ့တွင် ရပ်လိုက်ကြသည်။ ပြီးနောက်-

“ဝှီး”



စက်ဝိုင်းကို နှစ်ဦးသား အတူလှည့်လိုက်ကြလေသည်။ စက်ဝိုင်းက အရှိန်နှင့်လည်နေပြီး ခဏအကြာတွင် တဖြည်းဖြည်း အရှိန်နှေးသွားပြီး ရပ်သွားလေသည်။

“တစ်ဆယ်”

ကောင်လေးက ရေရွတ်လိုက်သည်။

ကောင်မလေးက ‘ဟေး’ဟု တိုးတိုးလေး အော်လိုက်ပြီး တစ်ဖက်ရှိ နံပါတ် (၁၀)ဆိုသည့် စာများကို ဖတ်နေလေတော့သည်။

ထို့နောက် ဒါ ကစားမယ်၊ ဒါ မကစားဘူးဖြင့် နှစ်ယောက်သား တိုးတိုးကျိတ်ကျိတ် ပြောနေကြလေသည်။

ခဏအကြာတွင် ထိုကောင်လေးနဲ့ ကောင်မလေးမှာ မုန့်ကောင်တာရှိ မုန့်နှင့်ကော်ဖီကိုယူကာ ထိုင်ခုံနံပါတ် (၁၀)မှာ သွားထိုင်ကြလေသည်။

ထိုအချိန်တွင် မုန့်ဆိုင်အနောက်ရှိ စတိုခန်းထဲသို့ ဝင်သွားသော ဆိုင်ရှင်ဦးလေးကြီးမှာ ပြန်ထွက်လာပြီး ကောင်တာပေါ်ရှိ စာအုပ်ကို ပွင့်လျက်သား မြင်လိုက်ရသောကြောင့် အထိတ်တလန့်ဖြစ်သွားပြီး ကောင်တာဆီသို့ အလျင်စလို ပြေးသွားကာ စာအုပ်ကို ကြည့်မိလိုက်သည်။

“ဟင်. . . ”

■

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဆိုင်ရှင်ဦးလေးကြီးမှာ ဂဏှာမငြိမ်ဖြစ်နေလေသည်။ ကောင်တာပေါ်က စာအုပ်ကိုကြည့်လိုက်၊ ကောင်တာရှေ့မှာ ဟိုဘက်လျှောက်လိုက်၊ ဒီဘက်လျှောက်လိုက်နှင့် စိတ်မငြိမ်ဘဲ ဖြစ်နေသည်။

"ငါ မှားတာ၊ ငါ ပေါ့ဆတာ"

ဟုလည်း ပါးစပ်က ရေရွတ်နေသေးသည်။

ထို့ပြင် ဘေးရှိ လက်လှည့်စက်ဝိုင်းကိုလည်း ကြည့်လိုက်၏။

"တစ်ဆယ်၊ အင်း၊ ဘယ်လိုလုပ်ရမလဲ၊ ဒုက္ခပါပဲ"

ဆိုင်ရှင်ဦးလေးကြီး ဖြစ်နေပုံကိုကြည့်ပြီး မုန့်ကောင်တာမှ မိန်းကလေးနှစ်ဦးကလည်း အံ့ဩနေလေသည်။

စာအုပ်တစ်အုပ်နှင့် ပုံမှန်ငြိမ်နေလေ့ရှိသော သူတို့ဆရာမှာ 'အမှတ်တရစာအုပ်'ကိုကြည့်လိုက်၊ လက်လှည့်စက်ဝိုင်းကို ကြည့်လိုက်၊ ပါးစပ်ကလည်း တိုးတိုး တိုးတိုးနှင့် ရေရွတ်နေသောကြောင့် ဘာဖြစ်နေမှန်း မရိပ်မိဘဲ ရှိနေကြသည်။

"ဆရာ ဦးဝင်းတင် ဘာဖြစ်နေတာလဲ"

"မသိဘူးလေ၊ ခုနတုန်းကတော့ အကောင်း၊ စတိုခန်းထဲက ပြန်ထွက်လာပြီးမှ ဘာဖြစ်သွားတာလဲ မသိဘူး"

သူတို့လည်း သူတို့ဆရာ ဦးဝင်းတင်ကိုကြည့်လိုက်၊ မသိချင်ယောင်ဆောင်လိုက်နှင့် လုပ်နေရသည်။

ခဏအကြာတွင် ဆိုင်ရှင်ဦးလေးကြီးက သူတို့နှစ်ယောက်ထဲမှ တစ်ယောက်ကို လက်ယပ် လှမ်းခေါ်သည်။

"ဟဲ့. . . နင့်ကို ခေါ်နေတယ်"

"ဟယ်. . . ဘာလုပ်ဖို့လည်း မသိဘူး"

"မြန်မြန်သွားဦး၊ ဆရာ့ပုံစံက အရေးကြီးနေတဲ့ပုံစံပဲ"

မိန်းကလေးသည် ကောင်တာမှ ခပ်မြန်မြန်ထွက်လိုက်ပြီး သူ့ဆရာဆီသို့ မပြေးရုံတမယ် သွားလိုက်သည်။

"ဘာ. . . ဘာဖြစ်လို့လဲ ဆရာ"

သူ့ဆရာမှာ ချွေးများပြန်နေပြီး တစ်ခုခုကိုလည်း စိုးရိမ်နေပုံရသည်။

"စ. . . စတိုခန်းထဲမှာရှိတဲ့ အရင်တုန်းက 'အမှတ်တရ' စာအုပ် အဟောင်းတွေ သွားယူခဲ့ပါဦး"

"အကုန်လုံးလား ဆရာ"

"အေး. . ."

www.burmeseclassic.com

www.burmeseclassic.com

သူ့ဆရာက လက်ကိုနောက်ပစ်ကာ လမ်းပြန်လျှောက်နေလေသည်။

သူလည်း ခေါင်းကုတ်ပြီး စတိုခန်းဘက်ကို ဦးတည်လိုက်သည်။ ကောင်တာက သူ့သူငယ်ချင်းက 'ဘာလဲ'ဆိုသည့်ပုံစံဖြင့် မေးငေါ့ပြသည်။ သူကလည်း 'မသိဘူး'ဆိုသည့်ပုံစံဖြင့် ခေါင်းခါပြလိုက်သည်။

■

(၃)

ဦးဝင်းတင်သည် ကောင်တာပေါ်ရှိ 'အမှတ်တရစာအုပ်' အဟောင်းများထဲက တစ်အုပ်ကိုဆွဲယူလိုက်သည်။

စာရွက်အချို့ကို ခပ်သွက်သွက်လှန်လိုက်ပြီး တစ်နေရာအရောက်တွင် ရပ်လိုက်ကာ နံပါတ်စဉ်တစ်ခုကို ကြည့်နေပြန်၏။

မုန့်ကောင်တာမှ မိန်းကလေးနှစ်ယောက်ကလည်း သူ့ဆရာ၏ ထူးဆန်းသော အပြုအမူများကို စိတ်ဝင်တစား ကြည့်နေကြသည်။

"ဟူး. . ."

ဦးဝင်းတင် သက်ပြင်းချလိုက်သည်။

"မဖြစ်ဘူး၊ သတိတော့ ပေးရမှာပဲ"

တစ်ဦးတည်း အသံထွက်ရေရွတ်မိသည်။

အတွဲများရှိရာဘက်သို့ မမြင်ရသော်လည်း မကြာခဏ လှမ်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေမိသည်။

စုံတွဲတစ်တွဲ ထွက်လာသည်။

ဦးဝင်းတင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး-

"ဘယ်. . . ဘယ်ခုံနံပါတ်ကလဲ"

ဟု အလျှင်စလို မေးမိလိုက်သည်။

ထိုစုံတွဲကလည်း. . .

"၆ ကပါ"

ဟုဆိုပြီး သူ့ကို အူကြောင်ကြောင်နဲ့ ပြန်ကြည့်နေလိုက်သည်။

"ဪ. . . အင်း"

ခဏနေမှ သတိဝင်လာပြီး အသက်ကို ပုံမှန်ပြန် ရှူနေလိုက်သည်။

ထိုစုံတွဲကတော့ ကျသင့်ငွေများ ပေးချေပြီး ထွက်သွားလေသည်။

မုန့်ကောင်တာမှ သူ့တပည့်မလေးကို ပြန်ခေါ်လိုက်ပြီး စာအုပ်များကို စတိုခန်းထဲ ပြန်ထည့်ခိုင်းလိုက်သည်။

ထို့နောက် စိတ်ထဲတွင် ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး ကောင်တာတွင် ပြန်ဝင်ထိုင်သည်။

ဖတ်လက်စ စာအုပ်ကို ကောက်မကိုင်တော့ဘဲ သူ့ရှေ့ရှိ ဖွင့်လက်စ 'အမှတ်တရစာအုပ်'၏ နောက်ဆုံးနံပါတ်စဉ်ကို ကြည့်နေမိသည်။



| စဉ် | အမည် | အမည် | လက်မှတ် | လက်မှတ် | ရောက်ရှိချိန် | ထွက်ခွာချိန် | အမှတ်တရ |
|---|---|---|---|---|---|---|---|
| 140 | ------- | ------- | ------- | ------- | ------- | ------- | ------- |
| 141 | ------- | ------- | ------- | ------- | ------- | ------- | ------- |
| 142 | ------- | ------- | ------- | ------- | ------- | ------- | ------- |
| 143 | မောင်ဇွဲဇန် | မသီရိကြာညို | ဇွဲ | ကြာညို | ၁၂း၀၂ | ------- | ------- |

www.burmeseclassic.com

www.burmeseclassic.com


၁း၃၀ မိနစ်

www.burmeseclassic.com

www.burmeseclassic.com

(၄)

"ခုံနံပါတ် (၁၀)ကပါ၊ ဘယ်လောက်ကျလဲ ဦးလေး"

ငယ်ရွယ်ပြီး လိုက်ဖက်ညီ ချောမောလှသည့် စုံတွဲဖြစ်သည်။

အထဲတွင် ပျော်ရွှင်ခဲ့ပုံရပြီး နှစ်ဦးသားတွင် အပြုံးစများ မပျောက်ကွယ်သေးဘဲ ရှိနေချိန်ဖြစ်သည်။

"ဦး. . . ဘယ်လောက်ကျလဲ"

ထိုအခါမှ ဦးဝင်းတင်မှာ သတိပြန်ဝင်လာပြီး-

"ဪ. . . အေး"

ဟုဆိုကာ ကျသင့်ငွေကို ပြောလိုက်၏။

ကောင်လေး လှမ်းပေးသောငွေကို လှမ်းယူနေသော ဦးဝင်းတင်၏ လက်မှာ အနည်းငယ် တုန်နေလေ၏။

သူ၏စိတ်ထဲမှာလည်း လက်ထဲကငွေဆီသို့ စိတ်မရောက်ဘဲ ကောင်လေးနှင့် ကောင်မလေးစုံတွဲဆီသို့သာ ရောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒွိဟလည်း ဖြစ်နေပုံရသည်။

ကောင်လေးက ကောင်မလေးလက်ကိုဆွဲပြီး-

"သွားတော့မယ် ဦးလေး"

ဟု နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်ရန် ပြင်လိုက်သည်။

ထိုစဉ်-

"သား. . . သားတို့"

ဟုဆိုပြီး ဦးဝင်းတင်ပါးစပ်မှ လွှတ်ခနဲ ထွက်သွားလေ၏။

ကောင်လေးနဲ့ ကောင်မလေးတို့ကလည်း တုံ့ခနဲဖြစ်သွားပြီး-

"ဟို. . . ပိုက်ဆံ လိုနေလို့လား"

"မဟုတ်ပါဘူး၊ ပြည့်. . . ပြည့်. . . ပါတယ်"

ကောင်လေးနှင့် ကောင်မလေးက အူကြောင်ကြောင် ဖြစ်နေစဉ် ဦးဝင်းတင်က သူ့အသံကိုထိန်းပြီး အောက်ပါအတိုင်း ပြောချလိုက်လေသည်။

"သားတို့ အပြန်လမ်းမှာ 143 ဆိုတဲ့ဂဏန်းကို တစ်ခုတည်းဖြစ်စေ၊ ကွဲပြားပြီးဖြစ်စေ တစ်နည်းမဟုတ်တစ်နည်း တွေ့မြင်ခဲ့၊ ကြားခဲ့မယ်ဆိုရင် ဦးဆီကို အမြန်ပြန်လာခဲ့ပါ"

"ဟင်. . ."

■

ကောင်လေးနှင့် ကောင်မလေးက-

'အချစ်ဆိုင်ရဲ့ ဝန်ဆောင်မှု ပုံစံအသစ်လား'ဟု ရယ်ရယ်မောမောမေးကာ ဆိုင်ထဲမှ ထွက်သွားကြလေသည်။ သူတို့နှစ်ဦး၏ ကျောပြင်ကိုကြည့်ရင်း ဆိုင်ရှင်ဦးလေးကြီးမှာ သက်ပြင်းချရင်း ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

'အချစ်ဆိုင်'ထဲမှ ထွက်ပြီးနောက် ဇွဲဇေန်က Taxi တစ်စီးကို လှမ်းတားလိုက်သည်။

"ညီလေးတို့ ဘယ်သွားမလို့လဲ"

"........Shopping Center"

"........ပဲ ပေးလေ ညီလေး"

ဇွဲဇေန်က သူ့ချစ်သူဘက် တစ်ချက်လှည့်ကြည့်သည်။

သွားနေကျ ဈေးဖြစ်သောကြောင့် ကောင်မလေးကလည်း ခေါင်းညိတ်ပြသည်။ ထို့နောက် သူတို့နှစ်ဦး ကားပေါ်တက်ပြီးနောက် ကားမှာ တရစပ်မောင်းထွက်သွားလေသည်။

ထိုအချိန်တွင် 'ဆိုင်'ထဲမှာရှိနေသော ဦးဝင်းတင်က Taxi နံပါတ်ကို အတွင်းမှနေ၍ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကက/၃၆၄၈

သက်ပြင်းချလိုက်ပြီး အတွင်းထဲမှ နောက်ထပ်စုံတွဲတစ်တွဲ ထွက်လာသောကြောင့် ပြန်ပြီး အလုပ်ရှုပ်သွားလေသည်။

▪

(၆)

"ကြာညို၊ ဒီနေ့ မွေးနေ့လက်ဆောင် ဘာလိုချင်လဲ"

ဇွဲဇန်က သူ့ချစ်သူလက်ကိုကိုင်ပြီး တိုးတိုးလေးကပ်ကာ မေးလိုက်သည်။

"ကို. . . ကြိုက်တာပေးလေ"

ကြာညိုကလည်း တိုးတိုးလေး ပြန်ဖြေရင်း ဇွဲဇန်ရင်ခွင်ထဲသို့ မှီဝင်နေလိုက်သည်။

Taxi မောင်းသမားကြီးကို တစ်ချက်ကြည့်လိုက်ရင်း သူ့ချစ်သူရဲ့ ပခုံးကို ပြန်ဖက်ထားလိုက်သည်။

"ဒါနဲ့ ကြာညိုတို့ကို ဆိုင်က ဦးလေးကြီးက ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ"

ကြာညိုက အချစ်ဆိုင်မှ ဦးလေးကြီး ပြောစကားကို သတိရသွားပြီး ပြန်မေးသည်။

"နောက်လိုက်တာ နေမှာပါ၊ တစ်ခါတစ်ခါ အဲဒီဆိုင်က

www.burmeseclassic.com

www.burmeseclassic.com

ဦးလေးကြီးက ကြောင်တောင်တောင်နဲ့တဲ့"

"ဘယ်သူပြောတာလဲ"

"အောင်လတ်တို့အတွဲ ပြောတာပဲ"

ကြာညိုလည်း ဘာမှ ဆက်မပြောတော့ဘဲ ဖွဲဇန်ရင်ခွင်ထဲမှာ ငြိမ်နေလိုက်သည်။ နောက်မှ ဖွဲဇန်ကို ပြောသလိုလို၊ ကိုယ့်ကိုကိုယ် ပြောသလိုလိုနှင့်-

"ဒါပေမယ့် အဲ့ဒီဦးလေးကြီး ကြည့်ရတာ တစ်ခုခုကို စိုးရိမ်နေသလိုပဲနော်"

"ဟာ. . . ကြာညိုကလည်း မေ့လိုက်စမ်းပါ၊ Centre ရောက်ရင် ဘာယူမလဲသာ စဉ်းစားနေ"

"အင်းပါ၊ အဲ့ဒါလည်း စဉ်းစားနေပါတယ်"

ခဏအကြာတွင် ကားမှာ Centre တစ်ခုရှေ့တွင် ရပ်သွားလေသည်။

■

(၇)

Shopping Centre ထဲတွင် ဟိုဟိုဒီဒီလျှောက်ကြည့်ရင်း နောက်ဆုံးတွင် ဖွဲဇန်က 'မွေးနေ့လက်ဆောင် အင်္ကျီတစ်ထည်' ဝယ်ပေး မည်ဟု ဆုံးဖြတ်လိုက်သည်။ ကြာညိုကလည်း သဘောတူသည်။

"အဲ့ဒါ ကောင်းတယ်၊ ဟိုတစ်ခါတုန်းက ကြာညိုတို့ လျှောက်ကြည့်ရင်း တွေ့ခဲ့တဲ့ အင်္ကျီလေး ရှိသေးလား မသိဘူး။ အဲ့ဒါ သွားကြည့်ရအောင်"

နှစ်ဦးသား ပျော်မြူးသွားကြပြီး အရင်တစ်ခေါက်ကကြည့်ခဲ့ကြသောဆိုင်ကို ပြန်ပတ်ရှာကြသည်။

သိပ်မကြာပါဘူး။ ထိုဆိုင်ကို ခပ်လှမ်းလှမ်းက တွေ့လိုက်ရသည်။ ဟိုအင်္ကျီကြည့်၊ ဒီအင်္ကျီကြည့်နဲ့ ရှာကြည့်ပြန်သည်။

လွန်ခဲ့သောတစ်ပတ်ကရှာခဲ့တဲ့ အင်္ကျီကို မတွေ့သောကြောင့် နီးစပ်ရာ စာရေးမလေးတစ်ဦးအား-

www.burmeseclassic.com

www.burmeseclassic.com

"အစ်မ. . . ရင်ဘတ်မှာ Star လို့ ရေးထားတဲ့ အနီရောင် အင်္ကျီလေး ရှိသေးလား"

"သြော်. . . အဲ့ဒါက ခဏလေးနော်"

ဟုဆိုပြီး ဆိုင်အနောက် ဝင်သွားလေသည်။

ခဏအကြာ ပြန်ထွက်လာပြီး အင်္ကျီတစ်ထပ်လိုက်ကြီး ပါလာသည်။ အနီရောင်အပြင် အပြာ၊ အဝါများဖြင့် စုံလင်သွားလေသည်။ ကြာညိုက အနီကိုပဲ ယူသည်။

ထို့နောက် အဝတ်လဲခန်းထဲဝင်ပြီး ဝတ်ကြည့်သည်။ သူ့ကိုလည်း ထွက်ပြသည်။

"လှတယ်"

သူမနဲ့ လိုက်ဖက်သောကြောင့် ဒါကိုပဲ ယူရန်ပြောရသည်။ ဒါနဲ့ အဝတ်လဲခန်းထဲ ပြန်ဝင်သွားသည်။

"ဘယ်လောက်လဲ အစ်မ"

"၁၄၃၀၀ ပါ"

ကျသင့်ငွေကို အရင်ရှင်းထားလိုက်သည်။ တစ်ခွန်းဆိုင်ဖြစ်သောကြောင့် ဈေးဆစ်၍မရ။

ကြာညိုကလည်း ပြန်ထွက်လာတော့ ဈေးမေးသည်။

"ဘယ်လောက်လဲ"

"၁၄၃၀၀ တဲ့'

■

## (၈)

ခဏအကြာတွင် ဇွဲဇန်နှင့် ကြာညိုတို့မှာ ရုပ်ရှင်ရုံရှေ့သို့ ရောက်နေကြပြီဖြစ်သည်။ ဒီနေ့ကားက ကောင်းလည်းကောင်းသည်။ ပြီးတော့ မွေးနေ့အမှတ်တရဆိုပြီး ဝင်ကြည့်ရန် ဆုံးဖြတ်ထားကြသည်။

ကားမှာ အင်္ဂလိပ်သိပ္ပံဇာတ်ကား ဖြစ်သည်။

"လက်မှတ်ဝယ်လိုက်ဦးမယ်၊ ခုံမှာ ခဏထိုင်နေ"

ကြာညိုကို ခုံတွင် ခဏထိုင်ခိုင်းပြီး လက်မှတ်အရင် ဝယ်လိုက်သည်။

ပြီးနောက် ကြာညိုကိုခေါ်ကာ ရုံထဲ ဝင်သည်။ ရုံထဲ ရောက်တော့ လက်မှတ်စစ်ကို ရှာပြီး လက်ထဲက လက်မှတ်နှစ်စောင်ကို ထိုးပေးလိုက်သည်။

လက်မှတ်စစ်ကလည်း လက်မှတ်ကို ဓာတ်မီးနဲ့ ထိုးကြည့်ပြီး-

www.burmeseclassic.com

www.burmeseclassic.com

"A 13 , 14"

ဟု ရေရွတ်ကာ တစ်နေရာသို့ ခတ်မီးထိုးပြသည်။ ခဏအကြာတွင် ရုပ်ရှင်စပြသည်။

■

(၉)

ဦးဝင်းတင်သည် သူ့ဆိုင်၏ ဘာဂျာတံခါးကို ဆွဲပိတ်လိုက်သည်။ ထို့နောက် ဆိုင်ရှေ့တွင် ငူငူကြီး ရပ်နေပြီး ဟိုကြည့် ဒီကြည့် လိုက်ကြည့်နေသေးသည်။ ဆိုင်တံခါးများကို လိုက်ပိတ်နေသော မုန့်ကောင်တာမှ မိန်းကလေးနှစ်ဦးက သူတို့ဆရာ တစ်ခုခု ဖြစ်နေပြီဟု တွေးနေကြသည်။

"ဟူး. . ."

ဦးဝင်းတင်သည် သက်ပြင်းချလိုက်ပြီးနောက် ဆိုင်ဘက် ပြန်လှည့်ကာ နောက်ထပ် ဘာဂျာတံခါးတစ်ခုကို ပိတ်လိုက်ပြန်သည်။

"ဆရာ. . . သမီးတို့ ပြန်တော့မယ်"

"အေး. . . အေး. . ."

မိန်းကလေးနှစ်ဦးကို လှည့်မကြည့်ဘဲ နှုတ်ဆက်လိုက်သည်။ နှုတ်ဆက်ထွက်သွားပြီး ခပ်လှမ်းလှမ်း အရောက်တွင်-

www.burmeseclassic.com

www.burmeseclassic.com

"ဘာကားစီးမှာလဲ"

ဟု တစ်ဦးက အခြားတစ်ဦးကို မေးနေတာကို နာစွန်နာဖျား ကြားလိုက်ရသည်။

"၁၄၃ ဘတ်စ်ကား စီးမယ်လေ"

"ဟင်. . ."

ဦးဝင်းတင် လက်ထဲမှ သော့ပြုတ်ကျသွားသည်။

မိန်းကလေးနှစ်ယောက်ကို အမှတ်မထင် လှည့်ကြည့်မိရာ သူတို့နှစ်ဦးကတော့ သူ့အဖြစ်ကို မရိပ်မိကြဘဲ နောက်ကျောပေးကာ ပြန်မည့်အစီအစဉ်ကို ဆွဲနေကြလေသည်။

"၁၄၃ က မြန်တယ်ဟ။ အဲဒါနဲ့ပဲ ပြန်မယ်ဟာ"

"ကဲ. . . ဒါဆိုလည်း ပြီးရော"

ခဏအကြာတွင် ဘတ်စ်ကားမှတ်တိုင်သို့ လမ်းလျှောက် ထွက်သွားသော မိန်းကလေးနှစ်ဦးကိုကြည့်ပြီး ဦးဝင်းတင်မှာ တုန်လှုပ်ပြီး ကျန်ရစ်ခဲ့လေသည်။

■

## (၁၀)

အချိန်သည် ညနေ (၆)နာရီထိုးပြီဖြစ်သောကြောင့်. . . ချစ်သူနှစ်ဦး ခွဲခွာ အိမ်ပြန်ရမည့်အချိန် ဖြစ်သည်။

တွတ်တီးတွတ်တာစကားများ ပြီးဆုံးကြရသည်။

မှာစရာရှိသည်များကို မှာကြရသည်။

လွမ်းစရာရှိရင်လည်း စလွမ်းနေရပြီ ဖြစ်သည်။

ယခုလည်း ဇွဲဇန်နှင့် သီရိကြာညိုတို့နှစ်ယောက်မှာ ရုပ်ရှင်ပြီးဆုံးပြီဖြစ်သောကြောင့် အိမ်ပြန်ရန်အတွက် ပြင်ဆင်နေကြသည်။

ရုပ်ရှင်ရုံရှေ့တွင်လည်း သူတို့လိုပဲ ပြန်ရန်ပြင်ဆင်နေကြသည့် စုံတွဲများကိုလည်း တွေ့ရသည်။

ဇွဲဇန်က သီရိကြာညိုကို လိုက်ပို့ရန် ပြောနေ၏။

"လမ်းထိပ်အထိ ကားငှားပြီး လိုက်ပို့မယ်လေ"

"အမေက လမ်းထိပ်က လာစောင့်နေရင် ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . လမ်းထိပ်မရောက်ခင် ဆင်းမှာပေါ့"

"မလိုက်ခဲ့ပါနဲ့. ရပ်ကွက်နားမှာ အသိနဲ့တွေ့ရင် မလွယ်ဘူး"

"ဟူး. . ."

ဇွဲဇန်လည်း ခေါင်းကုတ်လိုက်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

သူ့ချစ်သူကို လိုက်လည်း လိုက်ပို့ချင်သည်။

"လိမ္မာပါတယ် နော်၊ နောက်မှ အေးဆေးပေါ့၊ မိုးချုပ်တော့မယ်"

သူ့ချစ်သူက ချွဲချွဲနွဲ့နွဲ့လေးပြောလာသောကြောင့် ဇွဲဇန်မှာ ခံနိုင်ရည် မရှိတော့။ ထို့ကြောင့် ကြာညို့လက်ကိုဆွဲကိုင်လိုက်ပြီး တစ်ဖက်လမ်းကို ကူးသွားကာ Taxi တစ်စီး ငှားလိုက်သည်။

"ဘယ်ကိုလဲ"

". . . . . ကိုပါ"

"သွားနေကျဈေးပဲ ပေးလေ"

". . . . . ပေါ့"

ကြာညိုက ဝင်ပြောသည်။

Taxi သမား အဘိုးကြီးက တစ်ချက်စဉ်းစားလိုက်ပြီး ခေါင်းညိတ်ပြသည်။

"မနက်ဖြန် တွေ့နေကျနေရာမှာပဲ ကိုယ်စောင့်နေမယ်"

နောက်တစ်ခေါက် ထပ်မှာရသည်။



ကြာညိုက ကားထဲဝင်ရင်း ခေါင်းညိတ်ပြသည်။

"မနက်ဖြန်ကျရင် ဒီနေ့ဝယ်ခဲ့တဲ့ အင်္ကျီဝတ်လာခဲ့နော်"

"အင်းပါ"

သူက ပြုံးပြပြီး တာ့တာပြသည်။

ရင်ထဲ ကြည်နူးသွားရသည်။ သူ့အပြုံးကို ခဏငေးကြည့်နေမိစဉ်မှာပဲ ကားက မောင်းထွက်သွားပြီ ဖြစ်သည်။

ကားထွက်သွားသည်ကို တမျှော်တခေါ် လိုက်ကြည့်ရင်း ကားနံပါတ်ကို အမှတ်မထင် ကြည့်မိလိုက်သည်။

ကက-၁၄၃၈

■

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ကားမှန်ကို ချလိုက်သည်။ တိုးဝင်လာသော လေများကြောင့် ဆံစအချို့ လွင့်နေကြသည်။

ကားသမား အဘိုးကြီးက FM ကို ဖွင့်လိုက်သောကြောင့် လူငယ်ကြိုက် သီချင်းလေးကလည်း ကားထဲတွင် ပျံ့လွင့်နေသည်။ သီချင်းလေးက သူချစ်သူ ဇွဲဇန်ကြိုက်သော သီချင်းလေး ဖြစ်နေသောကြောင့် ဘာရယ်မဟုတ် ပြုံးမိသည်။

"× × × × × . . . × × × × × . . .

× × × × × × × × "

လက်ထဲက အကျီထုပ်လေးကို ကိုင်ထားရင်း အပြင်ကို ငေးမောနေလိုက်သည်။

ဘာလိုလိုနဲ့ သူမနဲ့ ဇွဲဇန် ရည်းစားဖြစ်ခဲ့တာ နှစ်နှစ်တောင် ပြည့်တော့မှာပါလား. . .။



အခုချိန်ထိ ချစ်နေမိသလို နောင်လည်း ဆက်ချစ်နေဦးမည်ဟု ယုံကြည်နေသည်။ ဖြတ်သွားဖြတ်လာရင်း အတွဲတချို့ကို လှမ်းတွေ့လိုက်ရသည်။

တချို့က တစ်ဦးလက်ကို တစ်ဦးကိုင်ရင်း မတ်တတ်ရပ်စကားပြောနေကြသည်။

တချို့ကတော့ အိမ်ပြန်နောက်ကျမှာ စိုးသောကြောင့် ခပ်သွက်သွက်ကလေး သွားနေသည်ကို တွေ့ရသည်။

လိုက်မပို့ရဘဲ ကျန်ရစ်ခဲ့သော ဇွဲဇန့်မျက်နှာကို မြင်ယောင်ရင်း စိတ်မကောင်းဖြစ်သွားမိသည်။

ဇွဲဇန်နဲ့ စတွေ့တုန်းက အဖြစ်အပျက်အချို့ အတွေးထဲ ရောက်လာသည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ကောင်လေးတစ်ယောက် အနောက်ကနေ လိုက်လာသည်ဆိုသော အသိကြောင့် ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်သည်။

သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့နေရာကလည်း နည်းနည်းဝေးနေသောကြောင့် နောက်ကလူနဲ့ အနည်းငယ်တော့ ရင်ဆိုင်ရလိမ့်မည်ဟုတွေးရင်း စိတ်ညစ်သွားသည်။

"စာလေး ယူသွားပါဗျာ"

ရှေးခေတ် နည်းစနစ်ဖြင့် အသုံးပြုနေသော အနောက်ကကောင်လေးကို နည်းနည်းတော့ အထင်သေးသွားသည်။

ခပ်စောင်းစောင်း အနေအထားဖြင့် ခပ်လှမ်းလှမ်းကနေ ကပ်လျှောက်နေသောကြောင့် သူ့မျက်နှာကိုလည်း မမြင်ရပါ။

"စာလေး ယူသွားပါဗျာ"

ခြေလှမ်းကို အရှိန်ပိုမြှင့်လိုက်သည်။

"ဒါ. . . ရိုးရိုးစာ မဟုတ်ပါဘူး"

သူမက 'ဘာစာလဲ'လို့ မေးလိုက်ရင် 'ရည်းစားစာ'လို့ ဖြေမည်။ ဒါမှမဟုတ် ရွတ်နောက်နောက် လုပ်တတ်တဲ့သူဆိုပါက 'ဘုန်းကြီးတစ်ပါး အိပ်မက်အရ ရေးတဲ့စာပါ'လို့ ပြန်ဖြေမည်။

ဒါတွေက ရိုးနေပြီ ဖြစ်သည်။

ထို့ကြောင့် ကြာညိုသည် နောက်ကို လှည့်လည်းမကြည့်၊ ပြန်လည်း မမေးပေ. . .။

ကောင်လေးကတော့ လိုက်လာဆဲ ဖြစ်သည်။

"အင်းလေ. . . ကျွန်တော့်ကို လှည့်မကြည့်ဘူး။ အရေးမလုပ်ဘူးဆိုလည်း ရပါတယ်။ ဒီတော့. . . ရှေ့ကသွားရင်းနဲ့ နားထောင်နေပါ။ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပါရစေ"

ကောင်လေးက သူ့ဘာသာသူ တရစပ်ပြောနေသည်။

ကြာညိုလည်း မနားထောင်ရပါဘဲနဲ့ နားထဲဝင်လာသောကြောင့် ကြားနေရသည်။

"နာမည်က ဇွဲဇေန်ဖြစ်သည်။ ဇကွဲနဲ့ ဇွဲပြီး ဇကွဲနဲ့ပဲ ဇေန်ပါတယ်။ နေတာက. . . မှာပါ။ ကျောင်းကတော့. . . မှာ တက်တယ်။ မောင်နှမ မရှိပါ။ တစ်ဦးတည်းသောသားပါ။ အမေက သိပ်ချစ်သောကြောင့် 'ချစ်တုံးကြီး'လို့ ခေါ်ပါတယ်။ ရည်းစားဖြစ်သွားလျှင် ထိုနာမည်ခေါ်ပါက စိတ်မဆိုးပါ။ 'ချစ်ဆုံး'ဟု ပြောပါကလည်း လက်သင့်ခံပါမည်"

www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းတော့ ပြုံးမိသွားသည်။

သူမလှည့်ပြီး စကားပြောလာအောင် လုပ်နေခြင်း ဖြစ်သည် ဟုလည်း ရိပ်မိသည်။ ဒါနဲ့ ဘာများ ဆက်ပြောမလဲဆိုပြီး ဆက်နားထောင်နေမိသည်။

"အဖေကတော့ သိပ်မကြွင်နာတတ်ပါ။ စိတ်မကြည်ရင် မကြည်သလို 'ငတုံးကြီး'လို့ ခေါ်ပါတယ်။ အကယ်၍ ရည်းစားဖြစ်ခဲ့ပါက ထိုနာမည်ခေါ်လျှင် စိတ်ကောက်မည် ဖြစ်ပါသည်။ ဦးလေး တစ်ဦးတော့ ရှိသေး၏။ သဘောကောင်းပြီး နားလေးသော လူပျိုကြီး ဖြစ်သည်။ 'သား. . သီရိကြာညိုကို ချစ်တယ်'ဟု ပြောတုန်းက 'အရီး ဒေါ်ညို'ဟု ကြားသောကြောင့် ကျွန်တော်နဲ့ ရန်ဖြစ်ပြီး အခုမခေါ်ပါ။ 'သီရိကြာညို'ကို 'အရီးဒေါ်ညို'ဟု ကြားနေသ၍ သူနှင့်ကျွန်တော် ဆက်လက်ခေါ်မည် မဟုတ်ပါ။ သူငယ်ချင်းတစ်ယောက် ရှိပါသေးသည်။ သူက စကားမပီပါ။ သူ့ကို 'သီရိကြာညိုကို ငါချစ်တယ်ကွာ'ဟု နှစ်ကိုယ်ကြား တိုင်ပင်တုန်းက 'တီအီးကာနို'က ယျတော့ ယျတယ်'ဟုဆိုနေသောကြောင့် 'သီရိ ကြာညို' နာမည်ကြားတိုင်း 'တီအီး'ကားနဲ့ မှားမှားနေသောကြောင့် ထိုနေ့မှစ၍ ထိုသူငယ်ချင်းနဲ့ အဆက်အသွယ် မလုပ်တော့ပါ။ သူ့ကိုလည်း 'သီရိကြာညို'နာမည်ကို မှန်အောင်ခေါ်နိုင်မှ ငါနဲ့ လာခေါ်ဟု ပြောလိုက်၍ 'မင်းက အရှစ်ကြောင့် တယ်ဂျင်းကို ရက်စက်တဲ့ တူပဲ'ဟု ပြစ်ပြစ်နှစ်နှစ်ပြောပြီး ထွက်သွားခဲ့ပါတယ်"



ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။

'ကောင်လေးက စကားတော့ သွက်သားပဲ'ဟု တွေးရင်း စိတ်ထဲကနေ ပြုံးနေမိသည်။

အရင်တုန်းက နောက်ကနေ စကားလိုက်ပြောတဲ့သူတွေနဲ့ မတူဘဲ တစ်မျိုးတစ်မည် ဆန်းနေသည်။

"အဲဒါ 'သီရိကြာညို'ကြောင့် ကျွန်တော့်မှာ ကြာရင် မိတ်ဆွေမရှိတော့မှာစိုးသောကြောင့် 'သီရိကြာညို'အား ရည်းစားစာပေးပြီး ချစ်သူဖြစ်အောင် ကြိုးစားအံ့ဟု အထပ်ထပ်အခါခါ စိတ်ပိုင်းဖြတ်ပြီး ယနေ့ နိုင်ငံပေါင်းစုံ ရည်းစားစာကိုရေးပြီး လိုက်ပေးရခြင်း ဖြစ်ပါ သည်။ ထို့ကြောင့် အနောက်လှည့်မကြည့်၊ စကား ပြန်မပြောလည်း ရပါသည်။ ကျွန်တော့်ရဲ့ နိုင်ငံပေါင်းစုံ ရည်းစားစာလေးကို လွယ် အိတ်ပေါ်လေးမှာ တင်ထားပြီး နောက်ပြန်လှည့်သွားပါမည်။ ဖတ်ကြည့်ပေးပါ။ နောက်နေ့မှ လာခဲ့ပါဦးမည်"

ခဏကြာတော့ အသံမှာ တိတ်ဆိတ်သွားသည်။ ထွက်သွားပြီထင် သည်။

နောက်လည်း လှည့်မကြည့်ချင်ချေ. . .။ နောက်က တိတ်တိတ်ကလေး လိုက်လာနေတယ်ဆိုပါက အရှက်ရစရာ ဖြစ်နိုင်သည်။

ဒီလိုနဲ့ သူငယ်ချင်းတွေဆီ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့. . . ဘယ်လိုဖြစ်လာတာလဲ"

ခပ်သုတ်သုတ် လျှောက်လာသော သူ့အမူအရာကြောင့် ဝေမာက လှမ်းမေးသည်။

"နောက်က တစ်ယောက်လိုက်လာလို့"

"ဘယ်မှာလဲ"

ထိုအခါမှ နောက်ကို လှည့်ကြည့်ရဲသည်။ ဘယ်သူမှ လိုက်လာတာ မတွေ့ရတော့. . .။

သို့သော် သူ့လွယ်အိတ်ရဲ့ ကြိုးပေါ်တွင် စာလေးတစ်စောင် ညှပ်သွားတာကိုတော့ တွေ့ရသည်။

ဒါနဲ့ သူငယ်ချင်းတစ်ယောက်က အလျင်အမြန် ဖြုတ်ယူပြီး ဖွင့်ကြည့်သည်။


"ဟင်. . . ဘာကြီးတွေလဲ"

နားမလည်သလို တအံ့တသြ ကြည့်နေသောကြောင့် နောက်ထပ် သူငယ်ချင်းတစ်ယောက်က ယူကြည့်ပြန်သည်။

"ဟယ်. . . အလံတွေ ထင်တယ်"

သူတို့စကားတွေကြောင့် ကြာညိုလည်း စိတ်ဝင်စားသွားပြီး စာကို ဆွဲယူကြည့်လိုက်သည်။

ကြာညို




ချစ်အားကြီးစွာဖြင့် အဖြေကိုစောင့်လျက်

ဖွဲ့စန်

www.burmeseclassic.com

www.burmeseclassic.com


စာကို တစ်ယောက်တစ်လှည့်စီ ဝိုင်းကြည့်ကြသော်လည်း နားမလည်ကြသောကြောင့် အူတူတူ ဖြစ်နေကြသည်။

ထို့ပြင် ဘာရေးထားတာလဲဆိုတာကို အားလုံးကလည်း သိချင်နေကြသေးသည်။

"သူ. . . . သူကတော့ နိုင်ငံပေါင်းစုံ ရည်းစားစာလို့ ပြောသွားတာပဲ"

သူလည်း နောက်ကလိုက်လာသော ကောင်လေးစကားကို သံယောင်လိုက်ပြီး ပြောလိုက်သည်။

"အဲဒီ. . . သူဆိုတာ ဘယ်သူလဲ. . . နင်သိလား"

"ငါတော့ နောက်ကို လှည့်မကြည့်လို့ မသိလိုက်ဘူး။ အဲ. . . သူ့နာမည်တော့ ပြောသွားတယ်"

"ဘယ်သူလဲ"

"ဇွဲဇန်တဲ့"

"ဩော်. . ."

"နင်က သိလို့လား"

"အမယ်လေး. . . သိလွန်းလို့. . . သိလွန်းလို့"

"ဟဲ့. . . ဟဲ့. . . ပြောစမ်းပါဦး။ သူက ရုပ်ချောလား"

ထိုစကားက ကြာညို့ဆီက ထွက်လာခြင်း မဟုတ်ပါ။

ကြာညို့သူငယ်ချင်း မေဖြူက ဝင်ရောက်မေးခြင်း ဖြစ်သည်။

"ချောတယ်ဟ။ အဟီး. . . ငါတောင် စိတ်ဝင်စားသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အံမယ်. . . တယ်ဟုတ်ပါလား။ ပြောစမ်းပါဦး"

"တစ်ခါတလေ ပေါက်ကရ လုပ်တယ်။ တစ်ခါတစ်ခါဆိုလည်း သူများ မထင်မှတ်တာလေး တွေးတတ်၊ လုပ်တတ်တယ်ဟ"

"ဟုတ်လား. . . ဘယ်လိုမျိုးလုပ်လို့လဲ"

"ပြောပြပါမယ်၊ နင်တို့ကလည်း. . . "

■

(၁၃)

"ဟာ. . . ဟိုမှာ ဖွဲဇန်လာပြီ။ သူ့မေးကြည့်ပါလား"

လက်ဖက်ရည်ဆိုင်မှာ ထိုင်နေသော ယောကျ်ားလေး သုံးယောက်က ဆိုင်ထဲသို့ ဝင်လာသော သူတစ်ယောက် ကို မြင်တော့ အသံအသန် ဝိုင်းခေါ်ကြသည်။

"ဖွဲဇန်. . . လာလေ. . . ငါတို့ဝိုင်း လာထိုင်ပါကွ"

ဖွဲဇန်က သူထိုင်မလို့ လုပ်နေတဲ့ခုံကို ပြန်ချထားပြီး ဘေးက ဝိုင်းတွင် ဝင်ထိုင်သည်။

"ငါတို့ မင်းကို စောင့်နေတာ"

"ဘာလုပ်မလို့လဲ. . . ဝမ်းတီးဟေ့. . . ရိုးရိုးနော်"

"ရှယ်လုပ်ပါကွ. . . ငါတို့ တိုက်မှာပါ။ ရှယ်ဟေ့. . . ရှယ်"

ဖွဲဇန်က ရေနွေးခွက်ကို ကျင်းလိုက်ပြီး ဘေးကို ပက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

“ဘာကိစ္စ. . . ငါ့စောင့်နေရတာလဲ”

“ဟိုကွာ. . . မင်းက အကြံဉာဏ်လေး ထွက်တတ်လို့ တိုင်ပင်မလို့ စောင့်နေတာ”

“အာ. . . ဘယ်သူပြောလဲ”

“ဟင်. . . မင်းက မပြောပြဘူးလား”

“မဟုတ်ဘူး. . . အကြံဉာဏ်လေးတွေ ထွက်တတ်တယ်ဆိုတာ ဘယ်သူပြောတာလဲလို့”

“ဟိုကောင်. . . မြင့်ဝင်းပြောတာပဲ။ ဘာတဲ့. . . သူ့ကိစ္စတွေ တော်တော်များများ မင်းစဉ်းစားပေးတာ အဆင်ပြေသွားတယ်တဲ့”

ထိုအခါကျတော့ ဖွဲဇန်က ရှက်တတ်သည်။

“အဟီး. . . တိုက်ဆိုင်သွားတာပါဗျာ”

“ဘာပဲဖြစ်ဖြစ်. . . ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စဉ်းစားပေးကွာ”

ဒါမျိုးကျတော့ ဖွဲဇန်က ကူညီတတ်သည်။ “ဟုတ်အောင် ကူညီကွာ. . . စဉ်းစားပေးကွာ”ဆိုရင် သူ မစဉ်းစားပေးတတ်တော့။

ဒီလိုမျိုး ဖြစ်ချင်ရာဖြစ်ဆိုရင်တော့ စဉ်းစားဖို့က လာထားပဲ။

“အင်း. . . ပြောပါဦး၊ ဘာကိစ္စလဲ”

“ဒီကောင် ဆိုင်တစ်ဆိုင် ဖွင့်ချင်လို့တဲ့”

“ဟာ. . . ငါမှ စီးပွားရေး အကြီးအကျယ် မလုပ်ဘူးတာ။ အဲ. . . အဲ့ဒါတော့ မစဉ်းစားတတ်ဘူး”



“မဟုတ်ဘူး. . . သူဖွင့်ချင်တာက စားသောက်ဆိုင်ကွ။ ဒါပေမယ့် သူက သူများစားသောက်ဆိုင်တွေနဲ့ မတူချင်ဘူးတဲ့။ အဲဒါ. . . အဲဒါ ခေါင်းစားနေတာ”

ရော်. . . သူများတွေနဲ့ မတူချင်ဘူးဆိုတော့ ဖွဲဇန်မှာ စိတ်ညစ်သွားသည်။

အခုတလော သူများတွေနဲ့ မတူချင်တဲ့လူတွေနဲ့ပဲ တွေ့နေပါလားဆိုပြီး စိတ်ညစ်သွားခြင်း ဖြစ်သည်။

မနေ့ကလည်း “ကောင်မလေးကို လက်ဆောင်ပေးတာ သူများတွေနဲ့ မတူချင်ဘူး”ဆိုပြီး ကောင်လေးတစ်ယောက် အကူအညီတောင်း၍ အကူအညီပေးလိုက်ရသေးသည်။

“ဟူး. . . ”

လေပူမှုတ်ထုတ်ပြီး အားလုံးကို ကြည့်လိုက်တော့ သူ့စကားကို စောင့်မျှော်နေကြတာ တွေ့ရသည်။

ရော်. . . ခက်ပြီ။

ဒါနဲ့ တစ်ခု သတိရသွားပြီး. . .

“ဆန်းတာ လိုချင်တယ်။ သူများတွေနဲ့ မတူချင်ဘူးဆိုရင် ဟိုလိုဆိုင် ဖွင့်ကြည့်ပါလား”

“ဘယ်လိုဆိုင်လဲ”

“အိမ်သာ စားသောက်ဆိုင် (Toilet Restaurant) ဖွင့်ကြည့်ပါလား”

www.burmeseclassic.com

www.burmeseclassic.com

"အာ. . ."

အာလုံးက 'ဝေါ့. . . ထွီ'တွေ ဖြစ်ကုန်ကြသည်။

သူတို့ပဲ မတူချင်ဘူးဆိုလို့ အကြံဉာဏ်ပေးရသေးတယ်။

"အဲ. . . အဲ့ဒါတော့ မလုပ်ပါနဲ့ကွာ. . . ရွံ့. . . ရွံ့စရာကြီး"

"မဟုတ်ဘူးလေ. . . အဲဒီလိုကြီးတော့"

ဘယ်လိုရှင်းပြရှင်းပြ မရတော့ချေ။

ဒါနဲ့ နောက်တစ်ခု ထပ်ပြောရပြန်သည်။

"အဲ. . . အဲ့ဒါလေးတော့ မဆိုးဘူး။ ကောင်းတယ်"

ထိုလူမှာ တော်တော်လေး သဘောကျသွားပုံ ရသည်။

စိတ်ပျက်သွားသူကတော့ ဇွဲဇနိပင် ဖြစ်သည်။ မည်သို့ဆိုသော် သူပြောလိုက်သောအရာမှာ ပုံမှန်ဖွင့်နေကျ ဆိုင်တွေထက် တစ်ခုသာ ပိုသည်။

ထိုအရာမှာလည်း သိပ်မထူးခြားချေ။

ဆိုင်ခုံများတွင် သစ်ပင်လေးတချို့ ထားခိုင်းခြင်း ဖြစ်သည်။

တကယ်တော့ ထိုလူသည် သူများတွေထက် ထူးချင်သော်လည်း သူများတွေ ကဲ့ရဲ့ပြီး မအောင်မြင်ပါက ဇွတ်လုပ်တာကိုးဟု ပြောခံရမှာ ကြောက်သည့် လူစားမျိုး ဖြစ်သည်။ ထိုနေ့က ဇွဲဇနိမှာ ထိုလက်ဖက်ရည်ဆိုင်တွင် အချိန်ကုန်ခဲ့လေသည်။



မှတ်ချက်။ ဇွဲဇနိပြောခဲ့သော အိမ်သာစားသောက်ဆိုင် (Toilet Restaurant)မှာ ထိုင်ဝမ်၌ တကယ်ဖွင့်ထားသော ဆိုင် လေးတစ်ဆိုင် ဖြစ်ပါသည်။ ပရိသတ်များ ကြည့်ရှုနိုင်ရန် နမူနာဓာတ်ပုံအား ဖော်ပြအပ်ပါသည်။

စာရေးသူ

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"သူ့အကြောင်းပြောရင်တော့ အခြားအကြောင်းအရာတွေလည်း အများကြီး ရှိတာပေါ့ဟယ်"

ထိုသို့ပြောရင်း ဝေမာက သူ့စကားကို အဆုံးသတ်သည်။

"ဒါတွေကို နင်က ဘယ်လိုသိထားတာလဲ"

"အဟီး. . . ဒီလိုပဲ လျှောက်မေးထားတာ၊ ပြီးတော့ အဲဒီစားသောက်ဆိုင်ဖွင့်တဲ့လူက ငါ့အစ်ကိုဝမ်းကွဲဟ"

"ဪ. . . ကောင်မ သိပ်ရှုနေတယ်ပေါ့"

အားလုံးက ဝိုင်းဩဘာပေးကြသည်။

"အဟင့်. . . အခုတော့ သူက ကြာညိုကိုပဲ. . . ကြာညိုကိုပဲ ဆိုတော့ ငါ လက်လျှော့လိုက်ပါတော့မယ်"

အားလုံးက ရယ်ပြီး ဝိုင်းစကြသောကြောင့် ကြာညိုမှာ မနေတတ်၊ မထိုင်တတ် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညက အိမ်သာစားသောက်ဆိုင်မှာ ဖွဲဇန်နှင့် ချိန်းတွေ့ကြသည်ဟု အိပ်မက် မက်လေသည်။

■

(၁၅)

နောက်က လှုပ်ရှားမှုအသံကြောင့် တစ်ယောက်ယောက် လိုက်လာနေမှန်း သိလိုက်ရသည်။

"ဒီမှာ. . . ဒီမှာ"

ဘာကြောင့်မှန်းမသိ. . . မနေ့ကလူအသံမှန်း ချက်ချင်း မှတ်မိသည်။

လှည့်မကြည့်ဘဲ ခြေလှမ်းကိုသာ ပုံမှန် လှမ်းနေမိသည်။ ဒီတစ်ခါတော့ သူက အနောက်ကနေ မလိုက်ဘဲ သူမနဲ့ ယှဉ်ပြီး လျှောက်နေသည်။

"ဒီမှာ. . . ဒီမှာ"

လှည့်ကြည့်ပြီး "ဘာလဲ"လို့ ပြန်ပြောလိုက်ရင် ကောင်း မလား. . .။

သူက မနေ့က စာကိစ္စအကြောင်းပြောပြီး 'ဟင်း. . .

www.burmeseclassic.com

www.burmeseclassic.com

ဟင်း. . . အစိပ္ပာယ် လာပြောပြတာ'ဆိုပြီး လုပ်မလို့နဲ့ တူတယ်။

ကိုယ့်ဘာသာကိုယ် ပုံမှန်အေးဆေးပဲ လျှောက်တာ ကောင်းတယ်။

"ဒီမှာ. . . ဒီမှာ"

"ဘာလဲ"

မထင်မှတ်ထားဘဲ နှုတ်ကနေ လွတ်ခနဲ ထွက်သွားပြီး ချာခနဲ လှည့်ကြည့်မိသည်။

"အဲဒီလိုမှပေါ့"

သူ့ရဲ့ မချိုမချဉ်မျက်နှာထားကြောင့် စိတ်ဆိုးရမည့်အစား ရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားသွားရသည်။

ထို့နောက် သတိပြန်ရသွားပြီး မျက်နှာကို ရှေ့သို့ ပြန်လှည့်ထားလိုက်သည်။

"ဖိုင်လာပေးတာ"

သူ့စကားကြောင့် သူမက ပြန်လှည့်ကြည့်မိပြန်သည်။

ဖိုင်တဲ့. . . ဘာဖိုင်ပါလိမ့်။ အခုမှပဲ သူ့ကို သေချာကြည့်မိသည်။ ဝေမာပြောတာ မှန်သည်။ သူက လူချောတစ်ယောက်လို့ ပြောတာထက်စာရင် ဆွဲဆောင်မှုရှိတဲ့ သူတစ်ယောက်ဟု ပြောရပေမည်။

အခုလည်း လက်ထဲမှာ ဖိုင်နီနီကြီးတစ်ခု ကိုင်ထားသေးသည်။ သူပြောတဲ့ဖိုင် ဖြစ်ပေလိမ့်မည်။



"ဘာတွေ လာရှုပ်ပြန်တာလဲ"

"ဟိုလေ. . . မနေ့က ရည်းစားစာ ပေးထားတယ် မှတ်လား"

ခေါင်းညိတ်ပြီး 'အင်း'လို့ ဖြေမလို့ ပြင်ပြီးမှ မဖြေဘဲ ငြိမ်နေလိုက်သည်။ သူက ဆက်ပြောသည်။

"အဲဒီလို ရည်းစားစာ ပေးပြီးသွားရင် နောက်ဆက်တွဲအနေနဲ့ နောက်တစ်နေ့မှာ ဖိုင်လာပေးရတယ်ဗျ"

"ဘာဆိုင်လို့လဲ. . . မကြားဖူးပါဘူး"

"ဩော်. . . ကဲ ဒီဖိုင်ကိုသာ လက်ခံထားလိုက်။ လိုအပ်လို့ လာပေးတာပါ။ ဖွင့်ကြည့်မှ သိမယ်"

လက်ထဲ အတင်းထိုးထည့်ပေးသည်။

သူမလည်း ယောင်ယောင်နနနဲ့ ယူမိလိုက်သည်။

သေချာတာက သူသည် အခြားရည်းစားစကား လိုက်ပြောသည့် သူများနှင့် မတူတာတော့ သေချာသည်။

ရုတ်တရက် အံ့အားသင့်အောင် လုပ်နိုင်ပြီး သူပြောသည့်အတိုင်း လိုက်လုပ်ချင်အောင် စွမ်းဆောင်နိုင်စွမ်းရှိပုံရသည်။

ဖိုင်ကို ပေးပြီးပြီးချင်း လစ်ထွက်သွားသောကြောင့် သူမမှာ ဖိုင်ကြီးကိုင်ကာ ငူငူငိုင်ငိုင်နှင့် ကျန်ရစ်ခဲ့လေသည်။

အခုဖွင့်ကြည့်ရင် ကောင်းမလား. . .။

မဖြစ်သေးပါဘူး. . . .။ သိချင်လွန်းလို့ ဣန္ဒြေမဆောင်နိုင်ဘူးလို့ ထင်ခံရမှာစိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ သူငယ်ချင်းတွေ ချိန်းထားတဲ့ဆီ အမြန်သွားရသည်။ စိတ်ကတော့ ဒီဖိုင်ထဲမှာ ဘာတွေပါလဲဆိုပြီး သိချင်နေသည်။

■

(၁၆)

"အံမယ်. . . သူက ထူးထူးဆန်းဆန်းပါလား။ မနေ့က ရည်းစားစာ ပေးတယ်။ ဒီနေ့ အနီရောင်ဖိုင် ထပ်ပေးရတယ်ဆိုပြီး ပေးသွားတယ်၊ မကြားဖူးပါဘူး။ အဲ. . . ဒါပေမယ့် အထဲမှာ ဘာတွေလဲဆိုတာတော့ ကြည့်ရမယ်"

ဆိုင်မှာထိုင်နေတာ ကြာပြီဖြစ်သော်လည်း စားပွဲအလယ်တွင် တင်ထားသော အနီရောင်ဖိုင်ကိုတော့ ဘယ်သူမှ ဖွင့်မကြည့်ဖြစ်ကြပေ။

ဒီအတိုင်း ကြည့်နေကြခြင်း ဖြစ်သည်။

ထိုနောက် ဝေမာက ဆတ်ခနဲ ဆွဲယူကာ ဖွင့်ကြည့်သည်။

"အံမယ်. . ."

သူ့ပုံစံကြောင့် ဘေးနားက နွယ်ဝင်းက ဝင်ကြည့်သည်။

"ဟဲ့. . . ဟုတ်သား၊ ဒါတွေ လိုအပ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

တခွိခွိနှင့် သဘောကျနေသောကြောင့် ကြာညိုမှာ ကြည့်ချင်သော်လည်း အိုက်တင်ခံထားရသည်။

ခဏကြာတော့ ဝေမာက-

"ဟဲ့. . . ကြာညို"

"ဘာလဲ"

"သူပေးတဲ့ဖိုင်က အသုံးဝင်တယ်ဟဲ့"

"ဘာအသုံးဝင်တာလဲ"

"ပြီးတော့. . . ရည်းစားစာ ပေးပြီးရင် ဒီဖိုင်နောက်ဆက်တွဲ ပေးရတယ်ဆိုတာလည်း မှန်သလိုလိုတော့ ရှိတယ်ဟဲ့. . .။ အဓိကကတော့ ငါတို့မိန်းကလေးတွေအတွက် ပိုလိုတယ်။ ပြီးတော့ သူက မနေ့က စာကို ပြန်ရှင်းထားတယ်"

ထိုစကားကြောင့် ကြာညိုလည်း အိုက်တင်မခံနိုင်တော့ဘဲ ဝေမာ့လက်ထဲက ဖိုင်ကို ဆွဲယူကြည့်လိုက်မိသည်။

ကြည့်ကြည့်ချင်း သဘောကျသွားသည်။ မိန်းမတစ်ယောက် စဉ်းစားနိုင်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ ဖြစ်သည်။

အလုပ်လျှောက်သလိုပဲဟု တွေးမိသော်လည်း တစ်မျိုးတစ်မည်လေးနှင့် သူ့အကြောင်း ဖော်ပြထားပုံက ကြာညိုပင် ပြုံးမိသည်။

ဖိုင်ထဲတွင်-

ရဲစခန်းထောက်ခံစာ

[redacted]

စာအမှတ်၊ [redacted] ( [redacted] ) / [redacted] / [redacted]

ရက်စွဲ၊ [redacted] ခုနှစ်၊ အောက်တိုဘာလ(၂၄)ရ

၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံခြင်း

[redacted] မြို့နယ်၊ [redacted] ရပ်ကွက် [redacted] ----------------- ယ

အမှတ် [redacted] )နေ (ဘ) ဦး ---ရဲဝင်း ---အောင်---၏ သား/သမီး ---မောင်ခွဲဘုန်--------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ... [redacted] ----------ကိုင်ဆောင်သူသ

ခုံစခန်း၊ ပြစ်မှုမှတ်တမ်း၊ များအရ

မှု ... ပြစ်မှုကင်းရှင်းကြောင်း၊ ထောက်ခံပါသည်။

[redacted]

မှတ်ချက် [redacted]

မှတ်ချက်၊ ၊ လူသိုးလူမိုက်တစ်ဦးမဟုတ်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရပ်ကွက်ထောက်ခံစာ

[redacted]

ဘာအမှတ်၊ [redacted] / / [redacted] ( [redacted] )

ရက်စွဲ ၊ [redacted] ခုနှစ်၊ နောက်ဆုံးလ၊ ( ၂၄ ) ရက်

အကြောင်းအရာ ။ ။ ရပ်ကွက်အတွင်း နေထိုင်ကြောင်း ထောက်ခံခြင်း။

[redacted] မြို့နယ်၊ အမှတ် ( [redacted] ) ရပ်ကွက်၊ တိုက် ( [redacted] ) ၊ အခန်း ( [redacted] ) [redacted] ---------- အိမ်ရာ၊ [redacted] ---------- လမ်းနေ ဦး ---ရဲဝင်း ဖေ ---------- ၏ သား/သမီး ဖြစ်သူ မောင် / မ ---ခွဲဘိုင်---------- အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် [redacted] ---------- ကိုင်ဆောင်သူသည် သန်းခေါင်စာရင်း / ဧည့်စာရင်းဖြင့် အထက်ပါ နေရပ်လိပ်စာတွင် အမှန်တကယ်နေထိုင်သူဖြစ်ကြောင်း ထောက်ခံအပ်ပါသည်။

မှတ်ချက် ။ [redacted] ----------

[redacted]

ရပ်ကွက်အုပ်ချုပ်ရေးမှူး

[redacted]

မှတ်ချက် ။ ။ နေထိုင်သောလိပ်စာ မှန်ကန်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ အရိုက သူများအထင်ကြီးအောင် နာမည်ကြီးရပ်ကွက်တွင်နေသည်ဟု လိမ်လည်တတ်သောကြောင့်ဖြစ်ပါသည်။

## ဘွဲ့လက်မှတ်

[redacted]

သိပ္ပံဘွဲ့
Bachelor of Science

---------- ဦးရဲဝင်းဖေ ---------- ၏ သား/သမီး
---------- မောင်ခွဲဘိုင် ---------- အား
[illegible]

ထေရုမြိုတာသောတွဲ [redacted] ----------
ဘွဲ့ရမှတ်ပုံတင်အမှတ် [redacted] ----------

This is to certify that [redacted]

---------- son/daughter of
---------- has been admitted
to the Degree of Bachelor of Science in this University.

Subject of Specialization ----------
Registered Graduate No. ----------



[redacted] ၂ ----ရ ---------- ၁ ---- ရက်
[redacted] ---------- 20 ----

[redacted]
ပါမောက္ခချုပ်
[redacted]
Rector
[redacted]

မှတ်ချက် ။ ။ တရိုက ကောင်မလေးတွေအထင်ကြီးအောင် ဘွဲ့ရမယုတ်ဆဲသော်လည်း ဘွဲ့ရဟု လိမ်ညာသောကြောင့် အထောက်အထားပြခြင်းဖြစ်ပါသည်။ မည်သည့်ရည်ရွယ်ချက်မျှမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com

## ထောက်ခံချက်



" ထောက်ခံချက်

အကြောင်းအရာ ။ ။ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ/ မရှိ စစ်ဆေးခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဦး- ဇွဲဇန်

အဘ ဦးရဲဝင်းဇော် ... အသက် [redacted] လူမျိုး/ဘာသာ

မှတ်ပုံတင်အမှတ် [redacted] အား [redacted] နေ့တွင်

မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ခြင်းရှိ/မရှိ စစ်ဆေးစမ်းသပ်ခဲ့ရာတွင် ယခုစစ်ဆေးသည့်အချိန်တွင် မူးယစ်ဆေးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်းမရှိပါ။

တာဝန်ခံဆရာဝန်လက်မှတ် [redacted]

အမည် [redacted]

ဆမအမည် [redacted]

ဆေးခန်းအမည် ............ ဆေးရုံလိပ်စာ [redacted]

မှတ်ချက်။ ။ မူးယစ်ဆေးဝါးသုံးစွဲခြင်း မရှိကြောင်းဖော်ပြခြင်းဖြစ်ပါသည်။

## ဆေးစစ်ချက်

Date [redacted]

Name Mg Zwe Zan ........ Age [redacted] Sex [redacted] ID [redacted]

Date received ........ Date issue ........ Sent by Dr [redacted]

### IMMUNOLOGY AND SEROLOGY

| Test | Result | Ref:Range | Unit | Remark | Test | Result |
|---|---|---|---|---|---|---|
| ASO titre | | <200 | IU/ml | | HBs-Antigen | NEGATIVE |
| RA Test | | | | | HBs-Antibody | |
| ANF | | | | | HBc Antibody | |
| | | | | | HBe Antigen | |
| | | | | | HBe Antibody | |
| | | | | | HCV Antibody | |
| | | | | | HIV 1/2 Antibody | NON-REACTIVE |
| | | | | | MP (ICT) (Pf+Pv) | |
| | | | | | TB (ICT) Test | |
| | | | | | Anti-Dengue | |
| | | | | | IgM / IgG | |
| | | | | | VDRL Test | Non-Reactive / Reactive ( ) Dil |

**HIV 1/2 Antibody detection test is screening test.**

**NON-REACTIVE RESULT**

Non-reactive result does not indicate absence of HIV infection.

(a) It may be window period following infection.

(b) If sample was collected less than 3 months after exposure

**REACTIVE RESULT**

(a) It may be non-specific

(b) Suggest to confirm by using western blot or HIV-RNA test.

မှတ်ချက်။ ။ HIV/AIDS ကင်းရှင်းပြီး ကျန်းမာရေးကောင်းသည့် ချစ်သူတစ်ဦး ဖြစ်နိုင်သည်ဟု ဖော်ပြထားခြင်း ဖြစ်ပါသည်။ မည်သည့်ရည်ရွယ်ချက်မှုမရှိပါ။ အခြား ဆေးစစ်ချက်များကိုလည်း ပူးတွဲဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆေးစစ်ချက် (၂)

Date [redacted]

Name Mg Zwe Zan Age [redacted] Sex [redacted] ID [redacted]

Date received ...... Date Issue ...... Sent by Dr [redacted]

### HAEMATOLOGY REPORT

| Test | Result | Ref. |
|---|---|---|
| Haemoglobin | 13.1 | M 12.5-16g/dl<br>F 11.5-14g/dl |
| Total WBC | 6,800 | 4,000-11,000/cumm |
| Differential Count | | |
| Neutrophils | 60 | 50-75% |
| Lymphocytes | 29 | 20-50% |
| Monocytes | 6 | 2-10% |
| Eosinophils | 5 | 1-6% |
| Basophils | - | <1% |
| Platelet Count | 291,000 | 150-400,000/cumm |

| Test | Result | Ref. |
|---|---|---|
| Retic Count | | |
| PCV | | |
| ESR (Westergern) | 5 mm/1st hr | |
| Prothrombin time | | |
| ABO Grouping | O | |
| Rh Grouping | | |
| BT | | |
| CT | | |
| MP | | |
| MF | | |

Comments on Peripheral Blood Film

RBC s

WBC s

Platelets

Remarks : Normal film :

Comments

## ဆေးစစ်ချက် (၃)

Date [redacted]

### STOOL R.E.

| | |
|---|---|
| Appearance | |
| Reaction | |
| Blood | |
| Mucus | |
| Others | |
| Microscopic Examination | |
| Pus cells | per.h.p.f |
| RBC | per.h.p.f |
| Cysts of | |
| Ova of | |
| Others | |

### URINE R.E.

| | |
|---|---|
| Appearance | Straw |
| Reaction | Acid |
| Proteins | Nil |
| Sugar | Nil |
| Others | |
| Microscopic Examination | |
| Epithelial cells | 0 - 1 per.h.p.f |
| Pus cells | 0 - 2 per.h.p.f |
| RBC | per.h.p.f |
| Casts | Nil |
| Crystal | |
| Others | |

www.burmeseclassic.com

www.burmeseclassic.com



[redacted]

Public Access Centre ( PAC ) ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်

အမှတ်စဉ်၊ [redacted]

လိုင်စင်အမှတ် ၊ PAC\ [redacted]

ရက်စွဲ ၊ [redacted]

၁။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဦး/ဒေါ် [illegible] ၊ နိုင်ငံသားစိစစ်ရေးအမှတ် [redacted] မှ ဖွင့်လှစ်မည့်အမှတ် [redacted] လမ်း၊ [redacted] ရပ်ကွက်၊ [redacted] မြို့/မြို့နယ်၊ [redacted] ရှိ *PAC* ဆိုင်အမည် [redacted] အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း *Public Access Centre ( PAC )* ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ကွန်ပျူတာ ပညာဖွံ့ဖြိုးရေးဥပဒေ ၊ ပုဒ်မ (၃၀) အရ *PAC* ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးလိုက်သည်။

၂။ ဤလိုင်စင်သည် [redacted] ရက်နေ့အထိ အတည်ဖြစ်သည်။

၃။ လိုင်စင်ရရှိသူသည် ပူးတွဲပါ လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

ရုံးတံဆိပ်

[redacted]

ညွှန်ကြားရေးမှူးချုပ်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

မှတ်ချက်၊ ၊ အလုပ်အကိုင်မရှိမဟုတ်ကြောင်းသာ ဖော်ပြလိုခြင်းဖြစ်ပါသည်။ မည်သည့်ရည်ရွယ်ချက်မှုမရှိပါ။

## Biography

အမည်ရင်း ဖွဲ့ဇန်ဖြစ်သည်။ တစ်ဦးတည်းသောသားဖြစ်ပြီး၊ အဖေနာမည်က ဦးရဲဝင်းဇော်၊ အမေက ဒေါ်နွဲ့ဝေ ဖြစ်သည်။

မိဘက အလုပ်မရှိမှာ စိုးသောကြောင့် မရှိမဲ့ရှိမဲ့လေးစုပြီး အင်တာနက်ဆိုင် ဖွင့်ပေးထားသည်။

မဆိုးပါ။ ရှေ့တွင် ဖော်ပြထားသည်များမှာ မူရင်းအစစ်အမှန်များ ဖြစ်သောကြောင့် လိမ်လည်ခြင်း မရှိပါ။

ရည်းစား မထားဖူးပါ။ ၁၀ တန်းတုန်းကတော့ ကောင်မလေးတစ်ယောက်ကို ကြိုက်သလိုလို ဘာလိုလိုတော့ ဖြစ်ဖူးပါသည်။

သို့သော် ထိုကောင်မလေးကို အနီးကပ်ကြည့်မိမှ မကြိုက်မှန်းသိရပါသည်။ ထိုအချိန်မှစ၍ အမျိုးသမီးများအား အနီးကပ် မကြည့်မိသည်မှာ ကြာညိုကို မကြည့်ဖြစ်ခင်အချိန်ထိ ဖြစ်သည်။

ကြာညိုကို အနီးကပ်ကြည့်ကြည့်၊ အဝေးက ကြည့်ကြည့်၊ ဘေးစောင်းကြည့်ကြည့် ကြိုက်သလို အနေအထားမှ ကြည့်ကြည့် ချစ်မိ၊ ကြိုက်မိပါသည်။

ထို့ကြောင့် ချစ်ကြောင်း၊ ကြိုက်ကြောင်းပါသည့် စာအားရေးပြီး မနေ့က ပေးရခြင်း ဖြစ်သည်။

ထိုစာရေးနေစဉ်မှာ သူငယ်ချင်းတစ်ယောက်က 'မင်းက ဘာတွေ ရေးနေတာလဲ'ဟု ပြောသောကြောင့် စိတ်ညစ်ခဲ့ရပါသည်။

ချစ်တယ်ကို ရိုးရိုးမပြောမိဘဲ 'နိုင်ငံတကာ အပ်များ'နှင့်

www.burmeseclassic.com

www.burmeseclassic.com

ပြောမိသောကြောင့် အပြစ်တင်ခံရမည် စိုးသောကြောင့် ထိုစာ အဖြေအား ပူးတွဲရေးပေးလိုက်ရပါသည်။

ချစ်အားကြီးစွာဖြင့်

ဇွဲဇန်

ရင်ထဲမှာ ကြည်နူးသလိုဖြစ်နေပြီး သူ့အကြောင်းကို အတန် အသင့် သိခွင့်ရသော ဖိုင်တစ်ခု ဖြစ်သည်။

သူ့အတွေးကိုလည်း သဘောကျသွား၏။ ဒါနဲ့ သူ့ရဲ့ 'နိုင်ငံ တကာ ရည်းစားစာ အဖြေ'ကို ဖတ်ကြည့်လိုက်သည်။

■

ကြာညို

L.I.B.Y.A = Love Is Beautiful; You Also.
I.T.A.L.Y = I Trust And Love You.
I.N.D.I.A = I Nearly Died In Adoration.
C.H.I.N.A = Come Here, I Need Affection.
M.A.N.I.L.A = May All Nights Inspire Love Always.
C.A.N.A.D.A = Cute And Naughty Action that Developed into Attraction.

ချစ်အားကြီးစွာဖြင့် အဖြေကိုစောင့်လျက်

ဇွဲဇန်



သို့

ကြာညို

အချစ်က အလှအပတစ်ခုလို့ဆိုရင် နင်လည်းသူ့လိုလှတာပဲ ကြာညို၊ ငါနင့်ကို ချစ်တယ်၊ ဘယ်လောက်တောင်ချစ်သလဲဆိုရင် ချစ်လွန်းလို့ သေလုမျောပါးဖြစ်နေတဲ့ လှလိုပါပဲ ... ကြာညိုရယ်၊

ငါ့ကိုပြန်ချစ်ပါလား၊ ညညဆို နင့်အကြောင်းပဲတွေးမိလို့ အိပ်မပျော်တာ တော်တော်ကြာပါပြီ၊

ဆွဲဆောင်မှုရှိတဲ့ နင့်အပြုအမူလေးတွေနဲ့ ချစ်စရာကောင်းတဲ့ နင့်ပုံစံလေးတွေ က ငါ့ကို စွဲလန်းစေပြီ ... ကြာညို၊

ချစ်အားကြီးစွာဖြင့် အဖြေကိုစောင့်လျက်

ဇွဲဇန်

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

ကားကွေ့လိုက်သောကြောင့် အတွေးများ ရပ်သွားပြီး ပတ်ဝန်းကျင်ကို ပြန်သတိရလိုက်သည်။

အိမ်ရောက်ကာနီး နေပြီဖြစ်သည်။ ထို့ကြောင့် ဆက်မတွေးဖြစ်တော့ဘဲ ကားတံခါးပေါက်ကနေ အပြင်ကို ငေးရင်း လိုက်လာခဲ့သည်။

လေတိုးဝှေ့မှုကြောင့် ဆံပင်များ လွင့်ပျံနေသည်။

ကားဒရိုင်ဘာကြီးက သူ့ကို တစ်ခုခု လှမ်းပြောလိုက်တာကို မကြားလိုက်သောကြောင့် 'ဘာလဲဟင်. . . ဦးလေး'ဟု ပြန်မေးလိုက်ရသည်။

လမ်းကိုမေးခြင်း ဖြစ်သည်။

ဒါနဲ့ 'ညာကွေ့'ဟုပြောပြီး လမ်းမဘက်ကို ပြန်ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကားတစ်စီး ဖြတ်သွားသည်။

ကားပေါ်က ကောင်လေးတချို့က သူမကို လှမ်းအော်သွားကြသည်။ သူမ စီးလာသော ကားကလည်း အရှိန်နှေးသွားသောကြောင့် ကားရှေ့ကို လှမ်းကြည့်လိုက်မိသည်။ ကွန်တိန်နာကားကြီးက အရှေ့ကနေ သွားနေသောကြောင့် အရှိန်နှေးသွားခြင်း ဖြစ်သည်။

ကားဒရိုင်ဘာကြီး၏ ဗျစ်တောက်ဗျစ်တောက် ပြောသံများကို ကြားရသည်။ သူက ထိုကွန်တိန်နာကို ကျော်တက်မလို့ ပြင်ပြီးမှ လမ်းက နည်းနည်းကျဉ်းနေသောကြောင့် မကျော်ဘဲ အရှိန်လျှော့လိုက်သည်။

'နောက်ကျနေပါပြီဆိုမှ ကားက လာပိတ်နေသေးတယ်'ဆိုပြီး စိတ်ထဲ ရေရွတ်မိသည်။

ခဏအကြာတွင် ကွန်တိန်နာကားဘေးရှိ လမ်းမှာ တော်တော်လေး ကျယ်သွားသောကြောင့် ဒရိုင်ဘာကြီးက ကျော်တက်လိုက်သည်။

ကွန်တိန်နာဘေးက ဖြတ်သွားစဉ် သူမထိုင်တဲ့ အခြမ်းဘက်မှ ကွန်တိန်နာကားကြီးအား မော့ကြည့်မိသည်။

"ဟင်. . ."

ရုတ်တရက် ရေရွတ်မိပြီး လန့်သလို ဖြစ်သွားသည်။ မည်သို့ဆိုသော် ကားပေါ်ရှိ ကွန်တိန်နာနံပါတ်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

**NG/ 143**

ထိုစဉ်. . . .

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံထဲသို့ အလောတကြီး ပြေးဝင်လိုက်သည်။

စိုးရိမ်မှုကြောင့် ဝင်ဝင်ချင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ နောက်မှ ဆေးရုံကောင်တာကို တွေ့သဖြင့်-

"ဟို. . . မနေ့က ဆေးရုံတက်တဲ့လူနာ သီရိကြာညို့အခန်းက ဘယ်နားမှာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ခုတင်ပေါ်တွင် ပိုက်များတန်းလန်းနှင့် မေ့မြောနေသော သူချစ်သူကို တွေ့လိုက်ရ၍ ဖွဲဇန်မှာ ကြောင်ပြီး ရပ်နေမိသည်။

ဆရာဝန်များ၊ သူငယ်ချင်းများ၊ မိဘများက ဘေးနားတွင် ရှိနေပြီး ကြာညို့အမေကတော့ တရှုံ့ရှုံ့ငိုနေလေသည်။

သူအနားသို့ ကပ်မကြည့်ရဲချေ. . .။ လက်တွေ တုန်နေသည်။ ဒီနေ့မနက် သူ့အသိ သူငယ်ချင်းက ဖုန်းလှမ်းဆက်သောကြောင့် ဆေးရုံသို့ ပြေးလာရခြင်း ဖြစ်သည်။

ကြည့်နေသော သူများထဲမှ သူငယ်ချင်းတစ်ယောက်က လှမ်းမြင်သွားပြီး သူ့ဘေးနားမှာ လာရပ်သည်။

အခုအချိန်ထိ အခန်းထဲမှ လူများက သူ့ကို သတိထားမိခြင်း မရှိချေ။

ကြာညို့မိဘများကလည်း သူနှင့်ကြာညိုအကြောင်းကို သိနေ

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် လူမတွေ့ဖူးသော်လည်း စိတ်မလုံသောကြောင့် ခုတင်နားသို့ မကပ်ရဲဘဲ ရှိနေသည်။

အားတင်းလိုက်သည်။

ဖြစ်ချင်ရာဖြစ်ဆိုပြီး သူငယ်ချင်းနှင့်အတူ ခုတင်နားသို့ ကပ်သွားလိုက်သည်။

"အို. . ."

ရင်ထဲမှာ တလှပ်လှပ်ဖြစ်သွားပြီး ဆို့နင့်တက်လာသော အရာကြောင့် ရင်ဘတ်တစ်နေရာတွင် စူးခနဲ ဖြစ်သွားသည်။

ခုတင်ပေါ်တွင် လဲနေသော သူ့ကောင်မလေး. . . .။

ခုတင်ဘေးနားထိုင်ပြီး လက်ကလေးကို ကိုင်ထားချင်နေမိသည်။ ပါးစပ်ကလည်း သူ့နာမည်ကို တတွတ်တွတ် ခေါ်ချင်နေမိသည်။ တစ်ယောက်တည်း လွှတ်လိုက်မိသော မိမိကိုယ်ကိုလည်း အပြစ်တင်နေမိသည်။

ပူခနဲဖြစ်သွားသောကြောင့် သူမျက်ရည်ကျနေကြောင်း သိလိုက်သည်။ အမြန် ပြန်သုတ်လိုက်၏။

သူငယ်ချင်းက သူ့လက်ကို ဆွဲပြီး အခန်းအပြင်သို့ ပြန်ခေါ်သွားသည်။ သူဝင်လာတာကို ဘယ်သူမှ သတိမထားမိလိုက်ချေ။

သူလည်း နောက်ကို ငဲ့ကြည့်ရင်း သူ့သူငယ်ချင်းခေါ်လာရာသို့ ပါလာခဲ့၏။

အခန်းရှေ့က ခုံတွင် ဝင်ထိုင်လိုက်သည်။



အခန်းထဲကို မမြင်ရသော်လည်း စိုက်ကြည့်နေမိသည်။

"စိုးရိမ်ရလားဟင်"

ဘေးနားက သူ့သူငယ်ချင်းကို မကြည့်ဘဲ မေးလိုက်သည်။

သူငယ်ချင်းက မဖြေသောကြောင့် သူ့စိုးရိမ်စိတ်က ပိုကြီးသွားပြီး မျက်နှာကို သူ့သူငယ်ချင်းဘက် လှည့်လိုက်သည်။

"ငါ. . . ငါမှားသွားတာကွ။ သူ့ကို တစ်ယောက်တည်း ပြန်မလွှတ်လိုက်သင့်ဘူး"

ရင်ထဲ မခံနိုင်၍ ငိုချမိလိုက်သည်။

"သူ. . . သူစိုးရိမ်ရလား"

"အခုထိတော့ သတိမရသေးဘူး. . . Taxi သမား အဘိုးကြီးကတော့ ဆုံးသွားတယ်"

"ဟင်. . ."

"ဆရာဝန်ကတော့ စောင့်ကြည့်ရမယ့် အနေအထားပဲတဲ့"

သူ ခေါင်းငိုက်စိုက်ကျသွားသည်။

မျှော်လင့်ချက်ရှိသော်လည်း မမျှော်လင့်ရဲလောက်အောင် စိတ်လှုပ်ရှားနေသည်။

"ကွန်တိန်နာကို ကျော်တက်လိုက်တဲ့အချိန်မှာ ကွန်တိန်နာကလည်း တစ်ဖက်ကားကို မြင်လို့ သူတို့ဘက် ပြန်အကွေ့နဲ့ ဖြစ်သွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

သူ့သူငယ်ချင်းစကားကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။ အခုအချိန်တွင် သူ့ချစ်သူအတွက် ဘာပဲလုပ်ရလုပ်ရ အဆင်သင့် ဖြစ်နေသည်။

ထို့ကြောင့် မျက်ဝန်းက မျက်ရည်များကို သုတ်ပစ်လိုက်သည်။

"ရာခိုင်နှုန်း ဘယ်လောက်ရှိလဲလို့ ဆရာဝန်က ပြောလဲ"

"၅၀-၅၀ ပဲတဲ့"

အခန်းအပြင်မှာ ထိုင်နေသောကြောင့် သူ့ချစ်သူရှိနေသည့် အခန်းထဲသို့ မျှော်မှန်းပြီး အခန်းတံခါးကိုသာ ကြည့်နေလိုက်သည်။

သနားစဖွယ် မျက်နှာလေးကို မြင်ယောင်လာပြီး မျက်လုံး ပြန်မှိတ်ထားလိုက်သည်။

ခဏအကြာတွင် မျက်လုံးကို ပြန်ဖွင့်လိုက်၏။

ထိုစဉ်မှာပဲ ဆေးရုံအခန်းနံပါတ်ကို တွေ့လိုက်ရလေသည်။

"ဟင်. . ."

■

(၁၉)

ဆရာဝန်နှင့် သူ့မိဘများက အခန်းထဲမှ ထွက်လာပြီး အခြားဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားကြသည်။

ဇွဲဇန်လည်း ခပ်မြန်မြန်ထကာ အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ အခန်းထဲတွင် ကြာညို့သူငယ်ချင်း ဝေမာတစ်ယောက်သာ ရှိနေသည်။

ဝေမာကလည်း အလိုက်သိစွာပင် ဖယ်ပေးသည်။

သူ့ချစ်သူဘေးတွင် ဝင်ထိုင်လိုက်ပြီး လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

မျက်နှာသည် အေးချမ်းနေသော်လည်း ဖြူဖပ်ဖြူလျော် ဖြစ်နေသည်။

အခုနေများ တစ်ခုခုဖြစ်သွားပါက. . .

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်စိတ်များ ဝင်လာသောကြောင့် သူချစ်သူမျက်နှာက နေ ချက်ချင်းမျက်နှာလွှဲပြီး ဘေးဘက်ကို ကြည့်နေလိုက်ရသည်။

အကြည့်က လူနာမှတ်တမ်းကတ်ပြားဆီသို့ ရောက်သွားသည်။ ကြည့်ရင်းကြည့်ရင်းနှင့်ပင် အံ့သြခြင်း၊ ထိတ်လန့်ခြင်းများ ဝင်လာ ကာ ကြာညို့လက်ကိုလွှတ်ပြီး လူနာမှတ်တမ်းကတ်ကိုဆွဲယူပြီး ကြည့် လိုက်သည်။

လူနာအမှတ် ......

လူနာအမှတ် ......

လူနာအမှတ် ...... 143

အခန်းနံပါတ် .......

အခန်းနံပါတ် .......

အခန်းနံပါတ် ....... 14/3 B

စိတ်ထဲတွင် ဆောက်တည်ရာမရ ဖြစ်သွားလေသည်။

"မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး"

ခေါင်းကို ခါယမ်းပြီး ရေရွတ်သည်။

ကြာညိုစီးသွားသော Taxi နံပါတ်ကလည်း ခေါင်းထဲ ဝင်လာ သည်။ ဦးလေးကြီးတစ်ယောက်ရဲ့ စကားကို ပြန်ကြားယောင်မိ သည်။

ခေါင်းခါသည်။

ခေါင်းခါသည်။

"သူတို့နဲ့ တိုက်မိတဲ့ ကွန်တိန်နာနံပါတ် NG/ 143 က ဒရိုင်ဘာကိုတော့ ဖမ်းထားကြတယ်"

"ဟင်... ကွန်တိန်နာနံပါတ် ဘယ်လောက်..."

သူအလန့်တကြား မေးလိုက်သောကြောင့် ဝေမာပင် လန့် သွားပြီး....

"နံ... နံပါတ် NG/143 "

"ဟာ..."

အခန်းထဲမှ ချက်ချင်း ပြေးထွက်လိုက်သည်။

လူတစ်ဦး၏စကားသံကိုလည်း နားထဲ ကြားယောင်လာမိသည်။

ပြေး....။

ပြေးစမ်း...။

■

www.burmeseclassic.com

www.burmeseclassic.com


"သားတို့ အပြန်လမ်းမှာ 143 ဆိုတဲ့ ဂဏန်းကို တစ်ခုတည်းဖြစ်စေ၊ ကွဲပြားပြီးဖြစ်စေ၊ တစ်နည်းမဟုတ် တစ်နည်း တွေ့မြင်ခဲ့၊ ကြားခဲ့မယ်ဆိုရင် ဦးဆီကို အမြန် ပြန်လာခဲ့ပါ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

(၂၀)

Taxi ကို အလျင်အမြန် တားလိုက်သည်။

ထို့နောက် ကားပေါ် တက်လိုက်ပြီး-

"အချစ်ဆိုင်. . . အချစ်ဆိုင်ကို မောင်းပါ"

"ဘယ်ကို"

"နံပါတ် 38, . . . . လမ်း၊ 'အချစ်ဆိုင်' မြန်မြန်လေးလုပ်ပါ"

ကားသမားကြီးကလည်း ထိုသို့ပြောပြီးပြီးချင်း ဝူးခနဲ မောင်းထွက်သွားသည်။

နံပါတ်. . .

နံပါတ်တွေ. . .

အချစ်ဆိုင်. . .

အတွေးတို့ ရှုတ်ထွေးနေသည်။

သူ 'အချစ်ဆိုင်'ကို ပြန်သွားတာရော မှန်ရဲ့လား. . .

www.burmeseclassic.com

www.burmeseclassic.com

ဒါလည်း သူသေချာမသိချေ. . .

သေချာတာကတော့ သူ့ကောင်မလေးအတွက် ဘာပဲဖြစ်ဖြစ် လုပ်မည်ဆိုတာပင်. . .။ စိတ်မရှည်တော့။

ဆိုင်ကို အမြန်ရောက်ချင်နေသောကြောင့် ကားကို အမြန် မောင်းခိုင်းနေမိသည်။

■

BURMESE CLASSIC .com

(၂၁)

'အချစ်ဆိုင်'ပိုင်ရှင် ဦးဝင်းတင်သည် ဆိုင်ကို နေ့တစ်ဝက် ပိတ်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် မုန့်ကောင်တာမှ မိန်းကလေးနှစ်ဦးအား ခေါ်လိုက် ပြီး နေ့တစ်ဝက်နဲ့ အလုပ်ဆင်းနိုင်ကြောင်း ပြောလိုက်သည်။

မိန်းကလေးနှစ်ဦးမှာလည်း တအံ့တဩ ပျော်ရွှင်သွားပြီး ပစ္စည်းများ သိမ်းကြလေသည်။

ပစ္စည်းများ သိမ်းနေရင်းနဲ့ပဲ ဆိုင်ကို မပိတ်စဖူး နေ့တစ်ဝက် ပိတ်သော သူတို့ရဲ့ဆရာ ဦးဝင်းတင်ကို တစ်ချက်တစ်ချက် ငဲ့ကြည့် ကြသည်။

"ဆရာ ဘာဖြစ်နေတာလဲ"

"မသိဘူးလေ. . . အဲဒီလိုဖြစ်နေတာ နှစ်ရက်ရှိပြီ"

ပြောသာ ပြောရသည်။ ဆိုင်နေ့တစ်ဝက်ပိတ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ပျော်နေကြပြီး အိမ်မပြန်သေးဘဲ ဘယ်နေရာ သွားမလဲဆိုကာ တိုင်ပင်နေကြသေးသည်။

ဦးဝင်းတင်တော့ ဆိုင်ရှေ့တွင် 'ယနေ့ ဆိုင်ပိတ်သည်'ဆိုသည့် ဆိုင်းဘုတ်ကို ချိတ်ဆွဲလိုက်၏။

ကောင်တာပေါ်တွင် ပြန်ထိုင်ကာ စာအုပ်တစ်အုပ်ထဲတွင် ဟိုခြစ်၊ ဒီခြစ် လုပ်နေသည်။

"ဆရာ. . . ပြန်လိုက်ပါဦးမယ်"

"အေး. . . အေး"

မိန်းကလေးနှစ်ယောက် နှုတ်ဆက်တာကို ပြန်နှုတ်ဆက်ရင်း အပြင်သို့ ငေးကြည့်နေလိုက်သည်။

ထိုအချိန်တွင် သူ့ဆိုင်နှင့် မလှမ်းမကမ်းနေရာတွင် Taxi တစ်စီး ရပ်သွားပြီး ဆိုင်ဘက်သို့ အပြေးအလွှား လာနေသော မနေ့က ကောင်လေးကို တွေ့လိုက်ရသည်။

"အင်း. . . ထင်တဲ့အတိုင်း ဖြစ်ပြန်ပြီ"

■

## (၂၂)

'ယနေ့ ဆိုင်ပိတ်သည်'ဆိုတဲ့ ဆိုင်းဘုတ်ကို ဂရုမပြုအားဘဲ ဆိုင်တံခါးကို အတင်းတွန်းဖွင့်လိုက်သည်။

စိတ်လောနေသည်။ အဲယားကွန်းအအေးကြောင့် လန်းသလို ဖြစ်သွားသော်လည်း ရင်ထဲက ပူပင်မှုကတော့ မပျောက်နိုင်. . .။

ဆိုင်ထဲ ဝင်ဝင်ချင်းပင် ကောင်တာကို ကြည့်လိုက်သည်။

ဆိုင်ရှင်ဦးလေးကြီးက သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေသည်ကို တွေ့ရသည်။

"ငါ. . . မင်းကို စောင့်နေတာ"

"ဟင်. . . ကျွန်တော့်ကို စောင့်နေတာ"

"ဟုတ်တယ်"

"ကျွန်တော်လာမှာ သိလို့လား"

"သိလို့တော့ မဟုတ်ပါဘူး. . . လာမှာပဲလို့ တွေးမိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ဇွဲဇန် စကားဆက်မပြောနိုင်တော့. . .။

ဦးလေးကြီးကိုသာ စိုက်ကြည့်နေမိပြီး ကြောင်တောင်တောင် ဖြစ်နေလေသည်။ ထိုသို့ တစ်ဦးကိုတစ်ဦး ကြည့်နေမိသည်မှာ ငါး မိနစ် ကြာလေသည်။

ခဏကြာသောအချိန်တွင် ဇွဲဇန်ရဲ့စိတ်မှာ တည်ငြိမ်သလို ဖြစ်လာသည်။ အရင်ကလောက် ထိန်းမနိုင် သိမ်းမနိုင် မဖြစ်တော့ဘဲ ကောင်တာရှေ့ ခပ်လှမ်းလှမ်းရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

တစ်ဆက်တည်းဆိုသလိုပင်-

"ကျွန်တော်. . . ကျွန်တော့်ချစ်သူ ဆေးရုံရောက်နေပြီး ဦးလေး"

ဟု ပြောချလိုက်လေသည်။

■

## (၂၃)

"အခုထိ သတိမရသေးဘူး မှတ်လား"

ဦးလေးကြီးက အေးအေးဆေးဆေး ပြန်မေးသည်။

"ဟုတ်တယ်. . . ဦးက. . . ဘယ်. . ."

"ကားတိုက်မိတာပဲ ထင်တယ်"

"ဟုတ်. . ."

ဇွဲဇန်မှာ ထိုင်ရမလို ထရမလိုဖြစ်လာပြန်သည်။

"နောက်ဆုံး အိမ်ပြန်တော့ မင်းကို အိမ်လိုက်မပို့ခိုင်းဘူး"

ဇွဲဇန်မှာ ဘာမှ ပြန်မပြောနိုင်တော့ဘဲ ဦးလေးကြီးကိုသာ ကြည့်နေရလေသည်။

ဦးလေးကြီးက ကောင်တာခုံပေါ်မှ ထလာပြီး သူ့ရှေ့သို့ လျှောက်လာလေသည်။

" 143 ဆိုတဲ့ ဂဏန်းကို အပြန်လမ်းမှာ တွေ့တယ်မှတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"တွေ့တယ် ဦး၊ အခုလည်း အဲဒီကိစ္စနဲ့ပဲ ဦးဆီ ပြန်လာတာ"

ဇွဲဇာနိက စိုးရိမ်စိတ်တချို့ကို ထိန်းချုပ်ရင်း ပြောလိုက်သည်။

ဦးလေးကြီး ဘာပြောမလဲဆိုပြီး စိတ်ဝင်တစား နားစွင့်နေသည်။

ဦးလေးကြီးက သူ့ရှေ့ရှိ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်သည်။

"အဲဒီလို ဖြစ်သွားတာ ဦးရဲ့ ပေါ့ဆမှုကြောင့်ပါ"

"ဟင်. . . ဦးက ဘာလုပ်မိလို့လဲ"

သူက တစ်ခွန်းချင်းစီ ဖြေသည်။

"အမှတ်တရစာအုပ်မှာ နံပါတ်စဉ် 143 ကို ဦးက ကျော်ရေးဖို့ မေ့ခဲ့လို့ပါ"

"ဟာ. . ."

စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်သွားသည်။ ထို့နောက် ခေါင်းခါလိုက်ပြီး မယုံသင်္ကာစိတ်ဖြင့်-

"ဘာဆိုင်လို့လဲ ဦးရဲ့"

ဟု မေးလိုက်လေသည်။

"ဟုတ်တယ်၊ အမှတ်တရစာအုပ်ရဲ့ 143 ဆိုတဲ့ နံပါတ်စဉ်မှာ လက်မှတ်ထိုး အမှတ်တရရေးမိတဲ့ စုံတွဲတိုင်း အဲဒီလို ဖြစ်တတ်တယ်"

"ဘာ. . ."

ဦးလေးကြီး ရူးနေပြီဟု စိတ်ထဲ တွက်လိုက်မိသည်။

■

(၂၄)

"အဲဒီစာအုပ်ရဲ့ 143 ဆိုတဲ့ နံပါတ်စဉ်မှာ နာမည်ရေး၊ လက်မှတ်ထိုးလိုက်ရုံနဲ့ အဲဒီလိုဖြစ်တယ်ဆိုတာ ဟုတ်ပါ့မလား"

ဇွဲဇာနိက စိတ်ထဲရှိတဲ့အတိုင်း မေးလိုက်သည်။

တကယ်လည်း ယုံကြည်လို့ မရပါ။ မျှော်လင့်ချက် မရှိ၍ သာ ဦးလေးကြီးဆီ ရောက်နေခြင်း ဖြစ်သည်။

ထိုသို့ ပြောသောကြောင့် ဦးလေးကြီးက ထိုင်ခုံမှ ပြန်ထလိုက်ပြီး ကောင်တာနောက်သို့ ဝင်သွားပြန်သည်။

ခဏအကြာတွင် စာအုပ်များနှင့် ပြန်ထွက်လာပြီး သူ့ရှေ့မှာ ချလိုက်လေသည်။

ထိုအထဲမှ ဟောင်းနေပြီဖြစ်သော စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်ကာ ဖွင့်လိုက်ပြန်၏။

"ဒီထဲက 143 ဆိုတဲ့ နံပါတ်စဉ်ကို ကြည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ဇန်က ဦးလေးကြီးလက်ထဲက စာအုပ်ကို ဆွဲယူပြီး ကြည့်သည်။

140.....

141.....

142.....

143.....

ဘေးနားကို လက်ညှိုးနဲ့ထောက်ပြီး ကြည့်မိသည်။

| စဉ် | အမည် | အမည် | လက်မှတ် | ------- |
|---|---|---|---|---|
| 141 | ------- | ------- | ------- | ------- |
| 142 | ------- | ------- | ------- | ------- |
| **143** | မျိုးမင်းသန်း | အိမ့်ဝေ | ------- | ------- |
| 144 | ------- | ------- | ------- | ------- |

"ဟင်. . ."

အမှတ်တရရေးရန် စာသားနေရာကို ကြည့်လိုက်သောအခါ ဖွဲ့ဇန်မှာ တော်တော်ကြီးကို တုန်လှုပ်သွားလေသည်။

မည်သို့ဆိုသော် သူရေးခဲ့သော စာသားနှင့် တစ်ထပ်တည်း တူနေသောကြောင့် ဖြစ်သည်။ ဦးလေးကြီးက နောက်တစ်အုပ် ပေးပြန်သည်။

အလျင်အမြန် ဆွဲယူကြည့်လိုက်၏။



| စဉ် | အမည် | အမည် | လက်မှတ် | ------- |
|---|---|---|---|---|
| 141 | ------- | ------- | ------- | ------- |
| 142 | ------- | ------- | ------- | ------- |
| **143** | လင်းအောင် | နှင်းဝတ်မှုန် | ------- | ------- |
| 144 | ------- | ------- | ------- | ------- |

အမှတ်တရရေးရန် စာသားနေရာတွင် ရေးထားပုံမှာ သူတို့ ရေးထားပုံနှင့် တူညီနေပြန်သည်။

ဦးလေးကြီးကို သူပြန်ကြည့်လိုက်သည်။

နောက်ထပ် စာအုပ်နှစ်အုပ်ကို ထိုးပြလိုက်ပြီး-

"လေးအုပ်ပဲ ရှိတာပါကွာ. . . ကျန်တဲ့စာအုပ်တွေမှာ 143 ဆိုတဲ့ နံပါတ် မရှိပါဘူး"

"ဘာတွေ ဖြစ်တာလဲဦး. . . ကျွန်တော့်ကိုလည်း ရှင်းပြပါဦး"

"သူတို့ကောင်မလေးတွေက ကားတိုက်ခံရပြီး ဆေးရုံမှာ ဆုံးသွားကြတယ်"

"ဟင်. . ."

လက်ထဲက စာအုပ် ပြုတ်ကျသွားသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

ဆေးရုံခန်းထဲတွင် ခုတင်ပေါ်ရှိ လူနာအား ဆရာဝန် စမ်းသပ်နေသည်ကို ဘေးက လူများက စိုးရိမ်တကြီး ကြည့်နေကြသည်။

အခန်းတံခါး ပိတ်ထားသောကြောင့် အားလုံး၏ အသက်ရှူသံမှ တစ်ပါး မည်သည့်အသံမျှ မကြားရချေ။

အားလုံး၏အကြည့်များကလည်း ဆရာဝန်နှင့် လူနာဆီပေါ်ကိုသာ ရောက်နေကြသည်။

ဆရာဝန်၏ မျက်နှာမှာ တည်ငြိမ်နေသည်။ ခန့်မှန်းရ ခက်သည့် ပုံစံမျိုး ဖြစ်သည်။

လူနာ၏မိဘနှစ်ပါးဖြစ်ပုံရသော သူနှစ်ဦးမှာလည်း သတိမရသေးသော လူနာကို ကြည့်ပြီး တစ်ဦးလက်ကို တစ်ဦး ကိုင်ထားကြသည်။

ဆရာဝန်က နားကျပ်ကို ဖြုတ်ပြီး လည်ပင်းတွင် ရစ်ပတ်လိုက်



သည်။ ထို့နောက် လူနာရှင်ဘက်ကို မျက်နှာမူလိုက်၏။

လူနာရှင်၏အဖေဖြစ်ပုံရသူက-

"ဆရာ. . . သမီး. . . သမီးအခြေအနေ ဘယ်လိုလဲ ဆရာ"

တုန်ယင်နေသည်။ မကောင်းသည့်အဖြေ ဖြစ်နေမှာကိုလည်း တွေးကြောက်နေပုံရသည်။ ဆရာဝန်ကလည်း ကိုယ်ချင်းစာမိပြီး-

"အခြေအနေကတော့ ပြောရတာ မလွယ်သေးဘူး. . . နောက်သုံးရက်ကြာလို့မှ သတိမရဘူးဆိုရင်. . ."

"ဘာ. . . ဘာဖြစ်မှာလဲ ဆရာ"

"ကျွန်တော်တို့ သူ့ကို လက်လွှတ်လိုက်ရမယ် ထင်တယ်"

"ဟင်. . ."

"အို. . ."

လူနာရှင်အမေဖြစ်ပုံရသော သူမှာ မူးမေ့လဲကျသွားသည်။ အခန်းတစ်ခုလုံး ဆူဆူညံညံနဲ့ အလုပ်ရှုပ်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

"ဘာဖြစ်လို့ 143 ဆိုတဲ့ နံပါတ်စဉ်က အတွဲမှ ဖြစ်ရတာလဲ၊ တိုက်ဆိုင်တာလား"

ဇွဲဇန်မှာ ယခုအခါ တည်ငြိမ်နေပြီ ဖြစ်သည်။

စိတ်ထဲမှာလည်း သိချင်စိတ် တစ်ခုတည်းသာ ရှိနေသည်။

ဦးလေးကြီးက ခုံကို သူ့ရှေ့သို့ အနည်းငယ် ဆွဲလိုက်ပြီး-

"ဦးအဖေက ဒီလိုမျိုး 'အချစ်ဆိုင်'နှစ်ဆိုင် ပိုင်ခဲ့တယ်"

"နှစ်ဆိုင်. . . ဟုတ်လား။ ကျွန်တော်တို့က တစ်ဆိုင်ပဲ သိတယ်"

"ဟုတ်တယ်. . . နှစ်ဆိုင်ရှိတာပါ။ သူဆုံးခါနီးကျတော့ ဦးတို့ ညီအစ်ကိုနှစ်ယောက်ကိုခေါ်ပြီး ဆိုင်ကို တစ်ယောက်တစ်ဆိုင်စီ အမွေခွဲပေးတယ်"

"ဦးမှာ ညီရှိသေးတာပေါ့"



"မဟုတ်ဘူး. . . ဦးက ညီပါ။ ဦးမှာ အစ်ကိုတစ်ယောက်ရှိတာ"

ဇွဲဇန်လည်း သူပြောမည့်စကားကိုသာ ဆက်နားထောင်နေလိုက်သည်။

"ဦးအဖေဆုံးတာ နှစ်ပေါင်း တော်တော်ကြာခဲ့ပါပြီ။ အဲ. . . ခုနစကား ပြန်ဆက်ရရင် အဲဒီလို ဆိုင်နှစ်ဆိုင် အမွေပေးတဲ့အခါမှာ ဦးက ယခုလက်ရှိ ဆိုင်ကို ရွေးခဲ့တယ်။ ဦးအစ်ကိုကတော့ အခြားတစ်မြို့မှာရှိတဲ့ 'အချစ်ဆိုင်'ကို ယူခဲ့တယ်"

". . . . . . ."

"အဖေက အဲဒီဆိုင်ကို အမွေပေးတဲ့အခါမှာ ဆိုင်ကို ခေတ်နဲ့ လျော်ညီအောင်၊ ဆန်းသစ်အောင် ပြုပြင်ဆောင်ရွက်ဖို့ မှာကြားပြီး ပိုင်ဆိုင်မှုတွေနဲ့အတူ ဖိုင်တွဲတစ်ခုစီကိုလည်း ပေးခဲ့သေးတယ်"

ဇွဲဇန် စိတ်ဝင်စားသွားသည်။

ဦးဝင်းတင်က ထိုင်နေရာမှထပြီး ကောင်တာဆီသို့ လှမ်းသွားလိုက်သည်။ ထို့နောက် ဘယ်ကတည်းက တင်ထားမှန်း မသိသည့် ဖိုင်တစ်ခုကို ယူလာပြီး ဇွဲဇန်ကို လှမ်းပေးလိုက်သည်။

ဖိုင်ကတော့ ဟောင်းနေပြီ ဖြစ်သည်။

"ဒီဖိုင်ထဲမှာ 'အချစ်ဆိုင်'နဲ့ ပတ်သက်ပြီး ဦးအဖေက ဦးတို့ လိုက်နာရမယ်ဆိုပြီး စည်းကမ်းတွေ ရေးထားတယ်။ ပြီးတော့ မှာကြားချက် အချို့ရှိပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ဇန်က လှမ်းပေးသော ဖိုင်ကို ယူလိုက်ပြီး ဖွင့်ကြည့်လိုက်သည်။ စာရွက်များမှာ အနည်းငယ် နွမ်းနေပြီ ဖြစ်သည်။

သို့သော် စာများကတော့ ရှင်းလင်းပြတ်သားနေသေး၏။

■

(၂၇)

"အဲဒီဖိုင်ထဲက စည်းကမ်းတွေထဲမှာ အခြားအရာတွေအပြင် နံပါတ် စဉ် 143 ဆိုတဲ့ အက္ခရာစဉ်ကို 'အချစ်ဆိုင်'စာအုပ်တိုင်းမှာ ကျော်ပါဆိုပြီး အထူးသတိပေးထားတယ်။ ရေးထိုးတဲ့စုံတွဲအတွက် အထူးအန္တရာယ်ရှိတယ်ဆိုပြီး ရေးထားတယ်"

"ဟင်"

ဖိုင်ထဲမှာ လိုက်ရှာကြည့်တော့ တကယ်ပဲ ထိုအကြောင်းအရာကို ထပ်ကာထပ်ကာ ရေးထားသည်ကို တွေ့ရလေသည်။

"ဘာ. . . ဘာဖြစ်လို့ အဲဒီလို သတိပေးထားတယ်ဆိုတာ မရေးထားဘူးလား"

"မသိဘူး. . . ဒါပေမယ့် ဦးတို့ကလည်း အဲဒီအချိန်တုန်းက လူငယ်တွေပဲ ရှိသေးတယ်ဆိုတော့ ဆိုင်ကို ကောင်းကောင်းပြုပြင်ပြီး စုံတွဲတွေ အဆင်ပြေနိုင်မယ့်အရာတွေကို စိတ်ကူးလုပ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

“. . . . . . .”

“အဲဒီ ‘အချစ်ဆိုင်’စာအုပ်တိုင်းမှာ 143 ဆိုတဲ့ နံပါတ်စဉ်ကို ကျော်ပါ၊ အန္တရာယ်ရှိပါတယ်ဆိုတာကို မယုံခဲ့ကြဘူး။ ဒါနဲ့ ညီအစ်ကိုနှစ်ယောက်လုံး ထို 143 ဆိုတဲ့ နံပါတ်စဉ်ကို မကျော်ခဲ့ကြဘူး”

“ဟာ. . . အဲ့. . . ဒီတော့”

“ပထမဆုံး 143 နံပါတ်စဉ် စုံတွဲမှာ ကောင်မလေး သေဆုံးသွားတယ်လို့ ပြန်ကြားရတယ်။ ဦးဆိုင်က ပြန်ပြီးပြီးချင်းမှာပဲပေါ့”

“အို”

လက်ထဲက ဖိုင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိသည်။

“ဒါဟာ တိုက်ဆိုင်တာပဲဆိုပြီး ဦးက ယူဆခဲ့တယ်. . . ဒါပေမယ့် ဦးအစ်ကိုဆိုင်မှာလည်း အဲဒီလို ထပ်ဖြစ်တယ်”

■

(၂၈)

“ဦးအစ်ကိုကလည်း ဒါဟာ တိုက်ဆိုင်မှုဆိုပြီး လျစ်လျူရှုခဲ့တယ်။ နောက်တော့ ဦးလည်းပဲ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာပေါ့”

“အင်းလေ. . . ကျွန်တော်ဆိုလည်း ဘယ်ယုံပါ့မလဲ”

“ဒါပေမယ့် စာအုပ်ကုန်တော့ နောက်စာအုပ်ထုတ်ပြီး တော်တော်ကြာတဲ့အချိန်၊ တစ်နေ့မှာ ဦးဆိုင်ရှေ့ ကားတိုက်မှု ဖြစ်တယ်။ ဦးဆိုင်က ထွက်သွားတဲ့စုံတွဲ ထွက်ထွက်ချင်းပဲ ကားတိုက်ခံရတာပါ”

“ဟာ. . .”

“ဦးလည်း ကိုယ့် Customer ဆိုတော့ ဆေးရုံတွေပို့ ဘာပို့နဲ့ ရှုပ်သွားတာပေါ့”

“အင်း”

“နောက်တစ်နေ့ ဆိုင်ပြန်ဖွင့်ပြီး စာရင်းကို ပြန်ကြည့်မှ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးကို ထိတ်လန့်သွားတယ်"

"သူတို့လည်း နံပါတ်စဉ် 143 က အတွဲလား"

"ဟုတ်တယ်"

"ဦး အစ်ကိုရဲ့ ဆိုင်မှာရော"

"အဲဒီအချိန်တုန်းက ဦးအစ်ကိုရဲ့ ဆိုင်မှာ စာအုပ်နံပါတ်စဉ်က 143 ကိုရောက်ဖို့ သုံးယောက်လိုသေးတယ်။ အဲဒီတော့ ဦးက သတိပေးတာပေါ့။ သူက ဦးကို အယူသည်းတယ်၊ ဘာတယ်နဲ့ ရန်ဖြစ်ခဲ့ကြတယ်။ အဲဒီအချိန်မှာ သူက အရက်စွဲစပြုနေတဲ့ အချိန်ဖြစ်နေတယ်"

"......."

"ဦးတို့နှစ်ယောက်စလုံးက လူပျိုကြီးတွေဆိုတော့ သိပ်အပူအပင်တော့ မရှိဘူးပေါ့ကွာ။ ဒါပေမယ့် ဦးအစ်ကိုနဲ့ ကြိုက်တဲ့ မိန်းကလေးက အခြားသူနဲ့ယူတော့ ဦးအစ်ကိုက အသည်းကွဲ၊ အရက်စွဲနေတဲ့ လူပျိုကြီး ဖြစ်သွားတာပေါ့ကွာ"

ဦးဝင်းတင်မှာ စိတ်မကောင်းသည့် ပုံစံဖြစ်သွားပြီး မျက်နှာလွှဲသည့် အနေဖြင့် ရေတစ်ခွက် ထသောက်သည်။

"မင်းရော... သောက်ဦးမလား"

သူခေါင်းခါလိုက်သည်။

ရင်ကတော့ ပူနေသည်။ သို့သော် ရေသောက်၍ ပျောက်သွားမယ့် အပူမျိုးမဟုတ်သောကြောင့် မသောက်ခြင်း ဖြစ်သည်။

"အခု ဦးရဲ့အစ်ကိုဆိုင်က အဲဒီမြို့မှာ ဖွင့်ထားတုန်းပဲလား"

"သူ့ဆိုင်က ပိတ်ထားလိုက်ပြီ။ အရက်လည်း စွဲနေပြီ။ ပြီးတော့ ပိုဆိုးတာက သူ့ဆိုင်မှာ 143 နံပါတ်စဉ်က အတွဲတွေ သေဆုံးတယ်ဆိုတာ နောက်မှ သိရတဲ့အတွက် ပိုစိတ်မကောင်းဖြစ်ပြီး အရက်ဖိသောက်နေတာပေါ့ကွာ။ ပြီးတော့ ပိုဆိုးတာက သူ အဲ့ဒီလို မကျော်မိခဲ့လို့ အတွဲတွေ သေကွဲ ကွဲရသလို သူလည်း သူ့ချစ်သူနဲ့ ရှင်ကွဲကွဲရတာဆိုပြီး ဆိုက်ကို ဝင်သွားတယ်"

"ဒါဆို ဦးက နောက်ပိုင်း အဲဒီ 143 နံပါတ်စဉ်ကို ကျော်ခဲ့တာပေါ့"

"ကျော်ခဲ့ပါတယ်... ဒါပေမယ့် နှစ်တွဲ ထပ်ဖြစ်တယ်"

"ဘာဖြစ်လို့လဲ"

"ဦး အသည်းအသန် နေမကောင်းဖြစ်နေတုန်းက တစ်ချိန်၊ ခရီးရှည် သွားတဲ့အချိန်တုန်းက တစ်ချိန် ဖြစ်တာပေါ့။ အဲဒီတုန်းက မန်နေဂျာ ကောင်လေးတစ်ယောက် ခန့်ထားခဲ့တယ်။ သူက ဦး ပြောတဲ့စကားကို မယုံဘဲ မကျော်ခဲ့တဲ့အတွက် ဖြစ်သွားခဲ့ရတာပါ"

"ဒါဆို ဒီကိစ္စ ဘာကြောင့်ဖြစ်တယ်ဆိုတာ ဦးလည်း မသိဘူးပေါ့"

"မသိဘူး"

"ဦးအဖေကရော မပြောပြခဲ့ဘူးလား"

"ဦးတို့က မယုံခဲ့တော့ အသေးစိတ် မမေးခဲ့ဘူး... ဒီအဖြစ်အပျက်တွေကလည်း သူသေဆုံးပြီးမှ ဖြစ်ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို အခု ကျွန်တော့်ကောင်မလေးအတွက် ဘာလုပ်ရမလဲ"

သူ စိုးရိမ်နေပြီ ဖြစ်သည်။

ဦးဝင်းတင်က သက်ပြင်းချရင်း-

"မင်းလိုပဲ ကောင်လေးတစ်ယောက် ကြိုးစားသေးတယ်။ ဒါပေမယ့် ဘာမှ လုပ်လို့မရဘူး။ ဒီတော့ မင်းလည်း မင်းကောင်မလေးကို စွန့်လွှတ်ရတော့မယ် ထင်တယ်"

"ဟာ. . ."

မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး. . .။

ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး. . .။

စိတ်ထဲမှာ တစ်ယောက်တည်း လျှောက်အော်နေမိသည်။

ပါးစပ်ကလည်း-

"ဒါ ဦးတို့ဆိုင်က ဘာဖြစ်ထားမှန်း မသိတဲ့ကိစ္စကို ဦးတို့ ရှင်းပေးရမှာပေါ့"

စိတ်လွတ်ပြီး ဒေါသတကြီး အော်ဟစ်မိလိုက်သည်။

မျက်ရည်များလည်း ကျလာသည်။

ဆေးရုံမှာ လဲလျောင်းနေတဲ့ သူချစ်သူ. . .။

"ကျွန်တော့်ချစ်သူကို စွန့်လွှတ်ရတော့မယ်. . . မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

သူ ငိုချလိုက်သည်။

ဦးဝင်းတင်က သူ့ကို ဒေါသမထွက်တဲ့ ပန်းကို ဖက်ထားလိုက်သည်။



"ဦးအမှားပါ. . . ဦးကို ခွင့်လွှတ်ပါ"

သူလည်း မျက်ရည်ကျနေသည်ဟု သူ့ကိုယ်သူ သတိထားမိလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



"သုံးရက်အတွင်းမှာ သတိပြန်မရရင် သူ့ကို စွန့်လွှတ်လိုက်ရတော့မယ်တဲ့"

ဒီတစ်ခါတော့ သူမျက်ရည်မကျတော့. . .။

အဆုံးစွန်ကို သိပြီးသား လူတစ်ယောက်လို ဆေးရုံလမ်းကြမ်းပြင်ကို ငူငူငိုင်ငိုင် ကြည့်နေမိသည်။

သူသူငယ်ချင်းက သူ့ဘေးနားရှိ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်သည်။ နောက်ထပ် ဘာစကားမှ မပြောတော့ဘဲ ငြိမ်ပြီး ထိုင်နေ၏။

အခြားအခန်းမှ ငိုသံများကို ကြားလိုက်ရသည်။

လက်တွန်းလှည်းသံများ၊ ဆေးနံ့များကို အခုမှပဲ သတိထားမိသည်။

ခပ်လှမ်းလှမ်းရှိ ဆရာ၊ ဆရာမများ စုဝေးရာမှ အသံတချို့ သွ·က်လာသည်။

အရေးကြီးလူနာတင်လာသော တွန်းလှည်းက သူတို့ရှေ့မှ ဖြတ်သွားသည်။ ထိုစဉ် စင်္ကြံလမ်းရှိ တစ်ဖက်နံရံအောက်ဘက်၌ မထင်မရှားရေးထားသော စာစုတစ်ခုကို သတိထားမိလိုက်သည်။

"ဟင်. . ."

'အချစ်ဆိုင်'ဆိုသည့် စာသားကို တွေ့လိုက်ရသောကြောင့် ထိုင်ခုံမှ အလျင်အမြန်ထကာ နံရံရှေ့ ဒူးထောက်ပြီး ဖတ်ကြည့်လိုက်၏။

■

(၂၉)

အခန်းထဲ ဝင်ခွင့်မရသောကြောင့် သူချစ်သူကို အခန်းအပြင်မှန်ကနေ အတွင်းထဲသို့ ငေးကြည့်နေရသည်။

ဆရာဝန်က အခန်းထဲသို့ မည်သူမှ ပေးဝင်ခြင်း မပြုသောကြောင့် ဖြစ်သည်။

သူသူငယ်ချင်းက သူ့ပခုံးကို လာဖက်သည်။

လှည့်ကြည့်လိုက်တော့ သူ့ကို တစ်ခုခု ပြောချင်နေပုံရသည်။

"မင်း သိပြီးပြီလား"

"ဘာကိုလဲ"

"ဆရာဝန်ပြောခဲ့တဲ့ စကားကိုလေ. . ."

မကောင်းတဲ့စကားပဲ ဖြစ်ဖို့များတာ သိသောကြောင့် စိတ်ထဲနွမ်းသွားသည်။ ဘေးနားရှိခုံတွင် ဝင်ထိုင်လိုက်ပြီး ဆံပင်များကို ထိုးဖွလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နင်ကတော့ ငါ့ကို ဒီအခန်းလေးမှာ ခွဲသွားပြီ
ငါကြိုးစားပါသေးတယ်
ဒါပေမယ့် ငါ 'အချစ်ဆိုင်'အကြောင်းနဲ့ပတ်သက်ပြီး
တစ်ခုပဲ သိခဲ့တယ်။
ဘာကြောင့် နင်သေသွားတယ်ဆိုတာကိုတော့
ငါမသိခဲ့ပါဘူး။
ငါ့ကို ခွင့်လွှတ်ပါ. . . မေညို
ဒီနေရာလေးကပဲ ငါနင့်ကို တောင်းပန်ပါတယ်။

12. 7. ........

www.burmeseclassic.com

www.burmeseclassic.com

# (၃၀)

သိပ်မကြာသောအချိန်တွင် သူ၏ခြေလှမ်းများသည် 'အချစ်ဆိုင်'ရှေ့သို့ ပြန်ရောက်နေပြီ ဖြစ်သည်။

ဆိုင်ရှင် ဦးဝင်းတင်က ဆိုင်မှာနေသောကြောင့် ဆိုင်ရှေ့တံခါးကို ခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်"

ခဏကြာသောအချိန်တွင် ဦးဝင်းတင် ရောက်လာပြီး-

"ဟင်. . . မောင်ဖွဲ့ဇန်ပါလား"

"ဟုတ်တယ်. . . ဦး။ တစ်ခု သိချင်လို့ပါ"

"ဘာများလဲ"

ပြောလည်းပြော. . . တံခါးလည်း ဖွင့်ပေးသည်။

"ကျွန်တော်. . . မေညိုဆိုတဲ့ ကောင်မလေးရဲ့ ရည်းစား

www.burmeseclassic.com

www.burmeseclassic.com

နာမည်ကို သိချင်လို့ပါ။ မညိုရဲ့ လိပ်စာကိုတော့ ဆေးရုံက ယူခဲ့တယ်"

"ဘာ... ဘာလုပ်ဖို့လဲ"

"သူ တစ်ခုခုတော့ သိထားတယ် ထင်လို့ပါ"

ဖွဲ့ဇန်က ထိုသို့ပြောပြီးနောက် ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

■

## (၃၁)

သိပ်ကြာကြာ ရှာရခြင်း မရှိပါ။ စာအုပ်အဟောင်းများထဲက 143 နံပါတ်စဉ်တွင် အတွဲတစ်တွဲကို တွေ့ရလေသည်။

အိတ်ထဲတွင် ပါလာသောစာအုပ်ကို ထုတ်ပြီး နာမည်ကို မှတ်လိုက်သည်။

| မောင်မင်းကို |
| --- |

ထိုသို့ ရေးပြီးနောက် ဦးဝင်းတင်ဘက် လှည့်လိုက်ပြီး-

"ဦး... သူ့ကို သိလား"

"သိတယ်... သူကောင်မလေးအတွက် သူတော်တော် ကြိုးစားသေးတယ်"

"သူ ဘယ်မှာနေလဲ"

"အဲဒါတော့ မသိဘူး... ဒါပေမယ့် တနင်္ဂနွေနေ့တိုင်း သူချစ်သူအုတ်ဂူကိုတော့ သွားလေ့ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို. . . အပတ်စဉ်လား"

"ဟုတ်တယ်. . . တစ်ခါမှ မပျက်ခဲ့ဘူး"

"ဒါဆို . . . မနက်ဖြန်ပေါ့"

"အင်း. . . မင်း သူ့ကို တွေ့ချင်ရင်တော့ သူ့ကောင်မလေး အုတ်ဂူနားမှာ သွားတွေ့လို့ ရမယ်ထင်တယ်"

သူ သက်ပြင်းချလိုက်သည်။

မဖြစ်မနေ သူ့ကို သွားတွေ့ရမည်။ တစ်ခုခုတော့ သူ့ဆီက သိလိမ့်မည်ဟု ယုံကြည်နေမိသည်။ သူ့ချစ်သူအတွက် အချိန် သုံးရက်သာ ကျန်တော့သည်။

"ကျွန်တော် ဘယ်ကို သွားရမှာလဲ"

■



## ပထမရက်
## (တနင်္ဂနွေနေ့)

www.burmeseclassic.com

www.burmeseclassic.com

(၃၂)

အုတ်ဂူဖြူဖြူလေးရှေ့တွင် ငုတ်တုတ်ထိုင်နေသော ယောကျ်ားလေး တစ်ယောက်ကို အဝေးကနေ ရပ်ကြည့်ရင်း စိတ်မကောင်းဖြစ်သွားသည်။

သေဆုံးသွားသော ကောင်မလေးကို တော်တော် ချစ်ပုံရသည်။

ဖြစ်ခဲ့တာ ကြာပြီဖြစ်သော်လည်း ယခုထိ ချစ်နေတုန်းပဲဆိုတာကို သူ့မျက်နှာတွင် ပေါ်လွင်နေသည်။

သူလည်း သူသိချင်တာကို မေးရဦးမည်။

ထို့ကြောင့် ထိုလူရှိသို့ လျှောက်သွားလိုက်သည်။

"ကိုမင်းကို"

သူ့ခေါ်သံကြောင့် ကိုမင်းကိုမှာ လှည့်ကြည့်ပြီး အံ့သြသွားပုံရသည်။

သူကပဲ စတင်မိတ်ဆက်လိုက်သည်။

"ကျွန်တော့်နာမည် ဇွဲဇေနှ်လို့ ခေါ်ပါတယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

"ပထမတော့ ဆိုင်ကို စိတ်ဆိုးတယ်ဗျ။ ဒါပေမယ့် နောက်ပိုင်းတော့ ကံကြမ္မာပါပဲဆိုပြီး ဖြေသိမ့်ခဲ့တယ်"

အုတ်ဂူဖြူဖြူဘေးတွင် နှစ်ယောက်သား ထိုင်ပြောနေကြခြင်း ဖြစ်သည်။

သူ့မျက်နှာက လွမ်းရိပ်သန်းနေပြီး တစ်ချက်တစ်ချက် အုတ်ဂူကို ပွတ်နေလေသည်။

ဇွဲဇန်က သက်ပြင်းတစ်ချက် ချရင်း-

"အစ်ကို သူ့အတွက် ကြိုးစားသေးလား"

"ကြိုးစားတာပေါ့. . . ဒါပေမယ့် ရေရေရာရာ တစ်ခုမှ မသိပါဘူး"

"ဆေးရုံနံရံက အစ်ကို့စာထဲမှာ တစ်ခုပဲ သိတယ်လို့ ရေးထားတယ်။ အဲဒါ ဘာလဲ"

"ဘယ်မှာ"

ဇွဲဇန် ရှင်းပြလိုက်သည်။



"ဒါဆို ညီလေးချစ်သူက အစ်ကို့ချစ်သူ ဆုံးသွားတဲ့ အခန်းမှာပေါ့"

"ဟုတ်တယ်"

သူ အံ့သြနေလေသည်။

ခဏကြာတဲ့အထိ စကားမပြောနိုင်ဘဲ သူ့ကိုသာ ကြည့်နေလေသည်။

"တိုက်ဆိုင်လိုက်တာ"

ထိုသို့ရေရွတ်ရင်း ထိုင်နေရာမှ ဖြည်းဖြည်းချင်း ထရပ်သည်။ ပြီးနောက်-

"အစ်ကိုတွေ့ခဲ့တာလည်း ဘာမှမဟုတ်ပါဘူးကွာ"

"အစ်ကိုက ဘာကို တွေ့ခဲ့တာလဲ"

"နံပါတ်"

"ဟင်. . . ဘာ. . . ဘာနံပါတ်လဲ"

စိတ်လှုပ်ရှားသွားသည်။

"အင်း. . . ပြောရရင်တော့ အစ်ကိုလည်း အဲဒီအချိန်က မွန်နေတော့ တစ်ခုခုတော့ ရှိရမယ်ဆိုပြီး အသည်းအသန် လိုက်ရှာခဲ့တာ"

"ဟုတ်ကဲ့. . ."

"နောက်ဆုံး တစ်ခု စဉ်းစားမိတယ်"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com

"အချစ်ဆိုင်ကို စဖွင့်ခဲ့တဲ့ အဘိုးကြီးက လူထူးလူဆန်းကြီးလို့ လည်း ပြောကြတယ်။ နောက်ပြီး သူက ငယ်ငယ်တုန်းက ဝက်ရူးပြန် ပြီး မေ့မြောကာ ဆေးရုံရောက်ဖူးတယ်တဲ့"

သူစိတ်ဝင်တစား နားထောင်နေလိုက်သည်။

"ဘယ်သူပြောတာလဲ"

"အဲဒီအဘိုးကြီးရဲ့ သူငယ်ချင်းတစ်ယောက်က ပြောပြတာ"

"ဆက်. . . ဆက်ပြောပါဦး"

"သူ ပြန်သတိရလာပြီး တစ်နှစ်လောက်အကြာမှာ သူရဲ့ ထူးဆန်းတာလေးတွေကို လူတွေက စတင် သတိထားမိလာကြ တယ်တဲ့"

"ဘာများလဲ"

"သူဦးနှောက် ပြောင်းလဲသွားတယ်"

"ဟင်. . . ဘာကို ဆိုလိုတာလဲ"

"ဒီလိုကွ. . . သူ့ဉာဏ်ရည်ဉာဏ်သွေး ပြောင်းလဲသွားတာပါ။ သင်္ချာတွက်တဲ့နေရာမှာ ဘယ်သူမှ မမျှော်မှန်းနိုင်တဲ့ ဒသမအထိ စိတ်တွက် တွက်လို့ရတယ်။ ပြီးတော့ ဘာသာစကားတစ်ခုကို နှစ်ပတ်အတွင်း သင်ကြားနိုင်တဲ့အထိ ဉာဏ်ရည်ပြောင်းလဲသွား တာတဲ့"

"တကယ်"

"ဆရာဝန်တွေကတော့ ရှားပါးတဲ့ရောဂါတစ်မျိုးလို့ ပြောကြတာပဲ"



သူက အုတ်ဂူပေါ်က သစ်ရွက်တချို့ကို ဖယ်ပြီး ဆက်ပြောသည်။

"ငါလည်း ဒီလောက်ပဲ သိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအဘိုးကြီး နဲ့ ငါတို့ကိစ္စက ဆက်စပ်တယ်လို့တော့ မထင်မိပါဘူး။ ဒါပေမယ့် ငါ 'အချစ်ဆိုင်' (၁)ကိုတော့ ရောက်ခဲ့တယ်"

"အချစ်ဆိုင် (၁). . . ဟုတ်လား"

"ဟုတ်တယ်. . . မင်းထိုင်ခဲ့တာ အချစ်ဆိုင် (၂)။ ဦးဝင်းတင် ပိုင်တာလေ။ အချစ်ဆိုင် (၁)က ခုနက အဘိုးကြီး စတည်ခဲ့တဲ့ 'အချစ်ဆိုင်'။ အခု ဦးဝင်းတင်အစ်ကို ဦးဇော်အောင်ဆိုတာ ပိုင် တယ်. . . ငါ ခုနကတွေ့ခဲ့တဲ့ နံပါတ်ဆိုတာ အဲဒီဆိုင်မှာ တွေ့ခဲ့ တာလေ။ ဒါပေမယ့် အဲဒီအဘိုးကြီးအကြောင်း ကြားပြီးမှ တွေ့တာ ဆိုတော့ ငါ့စိတ်ထင်တာလည်း ဖြစ်မှာပါ"

"ဘာနံပါတ်လဲ. . . ဘယ်မှာတွေ့တာလဲ"

"အချစ်ဆိုင် (၁)ရဲ့ လက်လှည့်စက်ဝိုင်းပေါ်မှာ ရေးထားတာ"

"ဘာလဲ"

"$7^4$ - 143 တဲ့"

"ဟင်. . ဘာကြီးလဲ"

"အေး. . . ငါလည်း 143 ဆိုတဲ့ ဂဏန်းတွေ့တော့ ဟုတ် မလား စဉ်းစားပါသေးတယ်။ ဒါပေမယ့် ဘာမှမသိတာနဲ့ မဟုတ် နိုင်ပါဘူးဆိုပြီး အဲဒီဆေးရုံပေါ်က စာရေးပြီးမှ တွေးမိတာ"

သူတွေးတွေးဆဆ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


$7^4$ - 143

$7^4$ - 143

$7^4$ - 143

နှစ်ဦးသား စကားက တိတ်ဆိတ်သွားသည်။

ခဏအကြာတွင် သူက စကားတစ်ခွန်း မေးလိုက်သည်။

"အချစ်ဆိုင် (၁) က ဘယ်နားမှာလဲ"

"သွားမလို့လား"

"ဟုတ်တယ်"

သူက သက်ပြင်းချလိုက်သည်။

ထို့နောက် စိတ်မကောင်းသည့် လေသံဖြင့်-

"သွားလည်း မထူးပါဘူး၊ မင်းလည်း အခု ကိုယ့်လိုဘဝမျိုး ကြုံရမှာပါ"

"ကျွန်တော် ကြိုးစားကြည့်ချင်သေးတယ်"

တကယ်လည်း သူ့စိတ်အားထက်သန်စွာနဲ့ ပြောလိုက်ခြင်း ဖြစ်သည်။

ကိုမင်းကိုက သူ့ကို ပြောမရလည်း သွားကွာဆိုသည့် ပုံစံဖြင့်-

"ငါတို့မြို့ကနေ ကားနဲ့ ၃ နာရီလောက် သွားရင် ရောက်တဲ့ မြို့မှာ ရှိတယ်။ ရောက်ရင် အချစ်ဆိုင် (၁)လို့သာ မေးလိုက်၊ လူတိုင်း သိတယ်"

■

အချစ်ဆိုင် (၁)

**$7^4$ - 143**

www.burmeseclassic.com

www.burmeseclassic.com



မြို့ဟု ခေါ်ဆိုကြသော်လည်း မကျဉ်းလွန်း၊ မကျယ်လွန်းသော မြို့ဖြစ်သည်။ မြို့လေးဟု ခေါ်ရပေမည်။ အေးချမ်းပြီး အလုပ်သိပ်မများသောမြို့လည်း ဖြစ်သည်။

သူ့အာပူနှင့်သူဖြစ်နေသောကြောင့် မြို့၏ အလှအပကို မခံစားနိုင်ဘဲ ထိုမြို့လေးသို့ စိတ်မောလူမောနှင့် ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

ကားပေါ်က ဆင်းတာနဲ့ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ နာရီကိုလည်း တစ်ချက်ကြည့်လိုက်၏။

ညနေ ၅ နာရီ ရှိပြီဖြစ်သည်။ ဆေးရုံမှာရှိသော သူ့သူငယ်ချင်းကို အခြေအနေ ဖုန်းဆက်မည်ဟု ပြောထားသည်။

ထို့ကြောင့် ဖုန်းရှိမည့်နေရာကို အရင်ရှာထားလိုက်၏။

ဆိုင်တစ်ဆိုင်၏ တံစက်မြိတ်အောက်တွင် ဖုန်းတစ်လုံး ချထားသည်ကို တွေ့ရသည်။

ခြေလှမ်းကို ခပ်မြန်မြန် လှမ်းလိုက်သည်။

"ဖုန်းဆက်ချင်လို့"

"ပျက်နေတယ်"

"အခြား ဘယ်မှာ ရှိသေးလဲ"

"ဖုန်းလိုင်းတွေ တစ်မြို့လုံး ပျက်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ကျွတ်. . ."

စိတ်ညစ်သွားသည်။ ဒါနဲ့ ဆိုင်ထဲက ပြန်ထွက်မလို့ ပြင်ပြီးမှ-

"ဪ. . . ဒါနဲ့ အချစ်ဆိုင်က ဘယ်နားမှာလဲဗျ"

ဆိုင်က ကောင်မလေးက သူ့ကို မော့ကြည့်သည်။

"ဆိုင်က ပိတ်ထားတယ်နော်"

"သိတယ်၊ အဲဒီကို သွားချင်လို့"

ကောင်မလေးက လမ်းညွှန်ပြသည်။

ထို့နောက်-

"ဆိုင်ရှင် ဦးလေးကြီးက အမြဲမူးနေတာပဲ။ သူ့ကို တွေ့ချင်ရင်တော့ အဲဒီဆိုင်ရဲ့ သုံးဆိုင်အကျော်မှာ အရက်ဆိုင်တစ်ဆိုင် ရှိတယ်။ အဲဒီမှာ တွေ့လိမ့်မယ်"

"ကျေးဇူးပါပဲ"

ဆိုင်မှ ထွက်လာပြီး 'အချစ်ဆိုင်'ဘက်သို့ ဦးတည်လိုက်သည်။ ရင်ထဲမှာတော့ မျှော်လင့်ချက်နှင့် ဖြစ်သည်။

အခုချိန် ကြာညိုရော သတိရနေပြီလား မသိဘူး။

■

(၃၇)

**အချစ်ဆိုင်**

ဆိုင်းဘုတ်က ဖုန်များ တက်နေပြီ ဖြစ်သည်။ ဆိုင်၏ နံရံအချို့လည်း ကွာကျနေပြီး လူငယ်များ လျှောက်ခြစ်ထားသောပုံများ ဆေးများဖြင့် ရှုတ်ထွေးနေသည်။

တံခါးကိုလည်း သော့ခလောက်ကြီးဖြင့် ခတ်ထားသောကြောင့် တံခါးမှန်ကနေ အထဲကို ချောင်းကြည့်လိုက်သည်။ ဖုန်တွေ တက်နေပြီး သူတို့မြို့က အချစ်ဆိုင်နှင့် သိပ်မခြားနားတဲ့ အပြင်အဆင်များ ဖြစ်ပုံရသည်။

မှောင်နေသောကြောင့် အထဲကိုတော့ သေချာမတွေ့ရချေ. . .။

တံခါးကို တွန်းလှုပ်လိုက်၏။

သူ့အတွက် မျှော်လင့်ချက်က ဒီအထဲမှာပဲ ရှိနေမလား. . .။

www.burmeseclassic.com

www.burmeseclassic.com

တွေးရင်းနဲ့ ရင်ခုန်လာသည်။

သို့သော် ဝင်ကြည့်ဖို့အတွက် သော့လိုသည်။

ဖုန်းဆိုင်က ကောင်မလေးစကားကို သတိရလိုက်ပြီး 'အချစ်ဆိုင်'ကနေ တစ်ဖက်သို့ ဆက်လျှောက်လိုက်သည်။

အိမ်တစ်အိမ် တွေ့ရသည်။

မဟုတ်သေးဘူး. . . ။

ဆံပင်ညှပ်ဆိုင်နှင့် အလှကုန်ပစ္စည်းရောင်းဆိုင်ကို တွေ့ရပြန်သည်။

ဆက်လျှောက်ရ၏။

နောက်ဆုံးစာအုပ်အရောင်းဆိုင်ဘေးတွင် ဆိုင်တစ်ဆိုင်ကို တွေ့ရ၏။

ရိုးရိုးလေးပဲ။ 'အရက်ဆိုင်'ဟု နာမည်တပ်ထားသည်။

ဒါနဲ့ ဆိုင်တံခါးကို တွန်းဖွင့်ပြီး အထဲသို့ ဝင်လိုက်သည်။

"ဟင်"

■

## (၃၆)

ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာကြောင့် အားလုံးက သောက်နေရာမှ ရပ်ပြီး ဆိုင်ဝသို့ လှမ်းကြည့်ကြသည်။

သူစိမ်းလူငယ်ဖြစ်သောကြောင့် စပ်စုသည့် မျက်လုံးများဖြင့် ကြည့်ကြသည်။ ဆိုင်ထဲတွင် အရက်သောက်နေသူများကတော့ ဝိုင်းလုံးပြည့်ပဲ ဖြစ်သည်။

ကောင်တာမှ ပိုင်ရှင်က ဝင်လာသော လူငယ်ကို လှမ်းမေးသည်။

"ဘာ အမျိုးအစား သောက်မှာလဲ"

အားလုံးက ကိုယ့်ခွက်ကိုယ် ကိုင်ပြီး ပြန်သောက်နေကြပြီဖြစ်သည်။

"ကျွန်တော် သောက်ဖို့ လာတာ မဟုတ်ပါဘူး"

အားလုံးက တစ်ဖန် နားစွင့်ထားလိုက်ပြန်သည်။

"ဒါဆို ဘာကိစ္စလဲ"

"အချစ်ဆိုင်ပိုင်ရှင် ဦးဇော်အောင်ကို လာရှာတာပါ"

"ဘာလဲ. . . မင်း ကောင်မလေး ကားတိုက်ခံရလို့လား"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ."

လူငယ်မှာ ဘာပြောရမှန်း မသိသည့် အခြေအနေ ဖြစ်သွားသည်။

အားလုံးကတော့ လူငယ်ကို စိတ်မကောင်းသည့်ဟန်ဖြင့် ကြည့်ကြသည်။

"မအံ့ဩပါနဲ့ကွာ. . . ဒီမြို့က လူတွေက ဒီအကြောင်းကို သိနေတာပဲ။ အခု ဝင်းတင်ဆိုင်က ထပ်ဖြစ်ပြန်ပြီ မှတ်လား"

"ဟုတ်ကဲ့"

လူငယ်က 'ဟုတ်ကဲ့'ဟုသာ ပြန်ပြောနိုင်သည်။

ထိုလူကြီးစကားကိုသာ ငေးပြီး နားထောင်နေသည်။

"ဝင်းတင်ကလည်း သတိမထားပြန်ဘူး"

ဟုဆိုပြီး ဦးဝင်းတင်ကို အပြစ်တင်နေကြလေသည်။

အရက်ဆိုင်ပိုင်ရှင်က-

"အေးလေ. . . မင်းလိုပဲ ကောင်လေးတစ်ယောက်က အချစ်ဆိုင် စဖွင့်ခဲ့တဲ့နေရာမှာ အဖြေများ ရှိမလားဆိုပြီး လာရှာသေးတယ်ကွ။ ဒါပေမယ့် မတွေ့ပါဘူး။ မင်းလည်း တွေ့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် အချစ်ဆိုင်ပိုင်ရှင်ကို တွေ့ချင်တယ်ဆိုရင်တော့ ဟောဟိုထောင့်မှာ မှူးပြီးမှောက်နေတာ ဦးဇော်အောင်ပဲ"

လူငယ်လေးက ညွှန်ပြရာသို့ တစ်ချက်လှမ်းကြည့်သည်။

ဆံပင်ရှည်ရှည်နှင့် ညှင်းသိုးသိုးပုံစံ ထွက်နေသော ဦးလေးကြီး



တစ်ယောက် စားပွဲပေါ်တွင် မှူးပြီး အိပ်ပျော်နေတာကို တွေ့ရသည်။

"နာမည် ဘယ်လိုခေါ်လဲ"

အရက်ဆိုင်ရှင်က မေးသည်။

"ဇွဲဇန်လို့ ခေါ်ပါတယ်"

"အေး. . . မောင်ဇွဲဇန်။ ဦးကတော့ အချစ်ဆိုင်ထဲ မဝင်စေချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဝင်လည်း ဘာမှ တွေ့မှာ မဟုတ်ပါဘူး. . .။ ပြီးတော့ ဆိုင်ကလည်း ပျက်စီးနေပြီလေ. . . တွေ့တဲ့လူက ယူချင်တာ ယူနေကြတာ"

"တံခါးပိတ်ထားတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်. . . သော့က ပျက်နေတာလေ။ ဒီအတိုင်း ဆွဲဖြုတ်ရင် ပြုတ်သွားလိမ့်မယ်။ ပြီးရင် ပြန်တပ်လိုက်"

ဇွဲဇန်သည် ဆိုင်ထဲက လူများကို တစ်ချက်၊ ဦးဇော်အောင်ကို တစ်ချက် ကြည့်လိုက်သည်။

ဆိုင်ထဲက လူများကတော့ သူ့ကို သနားသည့်မျက်လုံးများဖြင့် ကြည့်ပြီး သူတို့အရက် သူတို့ဆက်သောက်နေကြလေသည်။

"ဟူး. . ."

သူတို့ပြောပုံအတိုင်းဆိုရင် သူ့မှာ မျှော်လင့်ချက် မရှိတော့။

"အခုချိန် မင်းကောင်မလေးနား ပြန်နေတာ မင်းအတွက်

www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးပါပဲကွာ”

ဆိုင်ထဲက သောက်နေတဲ့ လူတစ်ယောက်က လှမ်းအော်ပြောသည်။

သူကြောင်ပြီး ရပ်နေမိသည်။

ဘာလုပ်ရမလဲ. . .။

ဘာလုပ်ရမလဲ. . .။

ခေါင်းကို ခါယမ်းလိုက်သည်။

ကြာညို. . .

ကြာညို့ကို သူစွန့်လွှတ်ရတော့မယ်. . .။

တွေးရင်း ခေါင်းငိုက်စိုက်ကျသွားပြီး အရက်ကောင်တာရှေ့ရှိ ခုံတွင် ဝင်ထိုင်လိုက်သည်။

သူ့ရှေ့သို့ ခွက်တစ်ခွက် ရောက်လာတာ တွေ့ရ၏။

သူကောက်မော့လိုက်သည်။

“အား. . .”

လည်ချောင်းထဲသို့ ပူဆင်းသွားသည်။

အားလုံးက ဝိုင်းရယ်လိုက်သံကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

ထို့နောက် တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်လိုက်သည်။ နာရီမှာ ၇ နာရီတိတိ ရှိပြီ ဖြစ်သည်။

■

(၃၇)

ရုတ်တရက် နိုးလာပြီး ခေါင်းက တဆစ်ဆစ် ကိုက်နေသည်။ ဘယ်ရောက်နေမှန်း မသိသောကြောင့် ဘေးဘီကို ဝေ့ကြည့်ရသည်။

“ဟင်. . .”

ငါ အရက်ဆိုင်မှာ မူးပြီး အိပ်ပျော်သွားတာပဲ. . .။

တချို့ဝိုင်းမှာလည်း ခေါင်းစိုက်ပြီး အိပ်ပျော်နေတဲ့ လူတွေ ရှိနေသေးသည်။ ဆိုင်ကတော့ တိတ်ဆိတ်နေဆဲ ဖြစ်သည်။

ကြာညို. . .

သူကောင်မလေးကို သတိရသွားပြီး နာရီကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ည ၁၁ နာရီထိုးနေပြီ ဖြစ်သည်။

မဖြစ်ဘူး. . . မဖြစ်ဘူး. . .။

အချစ်ဆိုင်ကို သွားမှ ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုကို ငါလက်လွှတ်ဆုံးရှုံးလို့ မဖြစ်ဘူး. . . မဖြစ်ဘူး. . .။

သွေးရူးသွေးတန်းလို အတွေးများဖြင့် အရက်ဆိုင်ထဲမှ ပြေးထွက်လိုက်သည်။

အချစ်ဆိုင်. . .

အချစ်ဆိုင်. . .

လမ်းမီးရောင်မှိန်မှိန်လေး ထွန်းထားပြီး မြို့တစ်ခုလုံးသည် အိပ်မောကျနေပြီ ဖြစ်သည်။

သူတစ်ယောက်တည်းသာ လမ်းမပေါ်တွင် ရှိနေသည်။

တစ်ခါတစ်ရံတော့ ခွေးဟောင်သံကို အဝေးမှ သဲ့သဲ့ကြားရ၏။ အချစ်ဆိုင်ဘက်သို့ လမ်းဆက်လျှောက်လာခဲ့သည်။ ခေါင်းကတော့ နည်းနည်း ကိုက်နေဆဲ ဖြစ်၏။

ခဏအကြာတွင် သူ၏ခြေလှမ်းများသည် အချစ်ဆိုင်ရှေ့သို့ ရောက်သွားလေသည်။

■

## (၃၈)

သော့တွဲကို အရက်ဆိုင်က လူပြောလိုက်သည့်အတိုင်း ဖြုတ်ချလိုက်၏။

"ဂျလောက်"

အလွယ်တကူပင် ပြုတ်ထွက်သွားသည်။

ထို့ကြောင့် တံခါးကို တွန်းဖွင့်ပြီး အထဲကို ဝင်လိုက်သည်။

အထဲမှာ မှောင်မဲနေသည်။

ဓာတ်မီးလည်း မပါ၊ မီးခြစ်လည်း မပါသောကြောင့် မီးခလုတ်တော့ ရှိကောင်းရဲ့ဟု တွေးမိကာ ဦးဝင်းတင် အချစ်ဆိုင်ရဲ့ မီးခလုတ်ထားရာကို တွေ့ဖူးထားသောကြောင့် ထိုနေရာလောက်ကိုပဲ မှန်းဆပြီး လှမ်းသွားနေသည်။

မကြာခဏဆိုသလိုပဲ ကြမ်းပြင်ပေါ်က ပစ္စည်းများဖြင့် တိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာတွင် ခလုတ်တစ်ခုကို စမ်းမိသည်။

မီးခလုတ်ဖြစ်ရမည်။ ဒါနဲ့ ခလုတ်ကို နှိပ်လိုက်သည်။

"ဖျတ်"

မီးချောင်းများ လင်းသွားပြီး တစ်ဆိုင်လုံးကို ကြောင်ပြီး ကြည့်နေမိသည်။ ရှုတ်ပွနေသည့် ပစ္စည်းများ၊ ကျိုးပဲ့နေသည့် ပစ္စည်းများဖြင့် ပြည့်နေသည်။

လူပေါင်းစုံကလည်း ပစ္စည်းများကို ယူငင်သွားကြပုံ ပေါ်သည်။ တချို့ ခုံများမှာ အစုံမရှိတော့. . .။

မြင်မကောင်းအောင် ဖုန်များ တက်နေပြီး ပင့်ကူအိမ်များမှာလည်း တစ်ဆိုင်လုံး ပြည့်နေသည်။ နံရံပေါ်က ပန်းချီကားများနှင့် ဓာတ်ပုံများကလည်း ရွဲ့စောင်းနေပြီ ဖြစ်သည်။

"ဟူး"

သက်ပြင်းချလိုက်ပြီး တစ်စုံတစ်ခုကို သတိရလိုက်သောကြောင့် ကျောပေးထားရာ နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟာ. . ."

လက်လှည့်စက်ဝိုင်းနေရာတွင် လက်လှည့်စက်ဝိုင်း မရှိတော့ချေ. . .။ ခေါင်းများ ထူပူသွားပြီး ကြမ်းပြင်ပေါ်များ ကျနေမလားဆိုပြီး လျှောက်ရှာနေမိသည်။

ဒါမှမဟုတ် တစ်ယောက်ယောက်များ ယူသွားပြီလား. . .။

စိုးရိမ်စိတ်ဖြင့် တစ်ဆိုင်လုံးကို မွှေနှောက်ပြီး ရှာသည်။



ကောင်တာနောက်မှာ ရှာသည်။

ခုံအောက်များ၊ အိမ်သာထဲ ရှာသည်။

နောက်ဆုံး စတိုခန်းထဲထိ ရှာသည်။

အမှတ်တရ မှတ်တမ်းစာအုပ်များမှလွဲ၍ ဘာမှ မရှိချေ. . .။

သွားပြီ. . .။

ကြမ်းပြင်ပေါ်က ဖုန်များကြားထဲမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဒီဆိုင်မှာ ဘာမှ မရှိပါဘူးဟု ပြောခဲ့သူနှင့်. . .

သူ့ကံကြမ္မာအရ သူဖြစ်တာဟု ပြောခဲ့သူများ၏ စကားသံများကို ပြန်ကြားယောင်မိသည်။

သူ တကယ်ပဲ ကြာညိုကို စွန့်လွှတ်ရတော့မည် ထင်သည်။

ယခုလည်း လက်လှည့်စက်ဝိုင်းကြီးက ပျောက်နေသည်။

ထိုစက်ဝိုင်းသည် သူ့ကောင်မလေးကို ပြန်နိုးထလာအောင် ကူညီနိုင်မည်ဟု မယုံကြည်သော်လည်း အားကိုးရာမဲ့သူအတွက် မျှော်လင့်ချက်များ ရှိမလားဆိုပြီး လာခဲ့ခြင်း ဖြစ်သည်။ ယခု မျှော်လင့်ချက် မဲ့နေပြီ ဖြစ်သည်။

"ဖျတ်. . . ဖျတ်"

မီးများ ပိတ်သွားလိုက်၊ ပြန်လင်းလိုက် ဖြစ်သွားသည်။

မီးချောင်းများကို လျှောက်ကြည့်နေရင်းမှာပဲ နောက်တစ်ကြိမ်ထပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

“မီးပျက်တော့မယ် ထင်တယ်”

စိတ်ထဲက ရေရွတ်ရင်း မီးပျက်ပါက ဒီအမှောင်ထဲမှာပဲ အိပ်တော့မယ်ဟု ဆုံးဖြတ်လိုက်သည်။

“ဖျတ် . . . ဖျတ်”

“ဟင်”

မီးခဏ ပျက်စဉ် နံရံပေါ်က အလင်းတစ်ခုကို တွေ့လိုက်သလို ခံစားရသည်။

မသေချာပေ . . .။ နံရံက ထွက်တာလား . . . ဘယ်က ထွက်တာလဲ . . .။ မီးက ပြန်လာသောကြောင့် ထပ်မမြင်ရတော့ချေ။

သူ့ရှေ့ရှိ နံရံကိုပဲ စူးစိုက်ကြည့်နေမိသည်။

ခဏကြာသည်အထိ မီးမပျက်သောကြောင့် ထိုင်နေရာမှ ဖြည်းဖြည်းချင်း ထလိုက်သည်။

မျက်လုံးကိုလည်း ပန်းချီကားနှင့် ဓာတ်ပုံများရှိရာ နံရံက မခွာဘဲ ထားလိုက်သည်။ လက်ကိုတော့ မီးခလုတ်ရှိရာသို့ လှမ်းလိုက်၏။ မီးခလုတ်ကို ပိတ်လိုက်သည်။

“ဂျောက်”

“အို . . .”

အလင်းလေးတစ်ခုက ပန်းချီကား အောက်စွန်းလေးမှ ထွက်နေခြင်း ဖြစ်သည်။



ပန်းချီကား၏ ထောင့်ကို မီးစုန်းအရောင်ဖြင့် ရေးထားသောကြောင့် ထွက်နေခြင်း ဖြစ်သည်။

မီးပြန်ဖွင့်ဖို့ ပြင်နေတုန်း ထိုမီးစုန်းအရောင်သည် နံပါတ်ဂဏန်းများ စီထားသလိုလို ရှိနေသောကြောင့် အနီးကပ် တိုးကြည့်လိုက်သည်။

“ဟာ . . .”

သင်္ချာဂဏန်းရှည်တစ်ခုအား မီးစုန်းရောင်ဖြင့် ပန်းချီကားထောင့်တွင် သေးသေးလေး ရေးထားခြင်း ဖြစ်သည်။

စိတ်လှုပ်ရှားသွားပြီး မီးခလုတ်ကို အလျင်အမြန် ပြန်စမ်းကာ မီးကို ဖွင့်လိုက်၏။

ချရေးစရာ ဘောပင်လ်နှင့် စာရွက် မရှိခြင်းကြောင့် ဘယ်မှာ ရေးရမှန်း မသိဖြစ်နေသည်။

နောက်ဆုံး ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး ဖုန်များထဲတွင် လက်ညှိုးဖြင့် အောက်ပါကိန်းဂဏန်းအား ရေးချလိုက်သည်။

$$3^2 + 4^2 = 5^2$$

■

www.burmeseclassic.com

www.burmeseclassic.com

(၃၉)

ဖုန်များထဲတွင် ရေးထားသော သင်္ချာကိန်းဂဏန်းများကို အတန်ကြာသည်အထိ စိုက်ကြည့်နေမိသည်။

မြင်ဖူးသည့် ကိန်းဂဏန်းတစ်ခု ဖြစ်သော်လည်း ဘာကို ဆိုလိုမှန်း မသိချေ. . .။ အောက်ဘက် ခပ်လှမ်းလှမ်းတွင် လက်လှည့်စက်ဝိုင်းပေါ်မှာ ရေးထားသည်ဟုဆိုသော ဂဏန်းများကို ချရေးလိုက်ပြန်သည်။

$$3^2 + 4^2 = 5^2$$

$$7^4 - 143$$

မတွေးတတ်ဘဲ ဖြစ်နေသောကြောင့် နောက်ထပ်များ တွေ့ရမလားဆိုပြီး မီးကို ပြန်ပိတ်ကာ လျှောက်ကြည့်သော်လည်း ဘာစာတန်းမှ မတွေ့ရတော့ပေ။



ကိန်းဂဏန်း နှစ်ခုကိုပဲ ထိုင်ကြည့်ရင်း အချိန်တော်တော်ကုန်သွားသည်။ အချိန်မှာ ၁ နာရီထိုးပြီ ဖြစ်သည်။

ခဏကြာသောအခါ စိတ်ကူးတစ်ခုရပြီး ပန်းချီကားပေါ်တွင် တွေ့ရသော $3^2 + 4^2 = 5^2$ ကိန်းဂဏန်းအောက်၌ ၄င်းကိန်းဂဏန်းကို တွက်ချက်ထားသော အဖြေများအား ချရေးကြည့်မိသည်။

$3^2 + 4^2 = 5^2$

$9 + 16 = 25$

$25 = 25$

တွက်ချက်မှုသည် တစ်ဖက်နှင့်တစ်ဖက် ညီနေသည်။

ဘာကို ဆိုလိုတာပါလိမ့်. . . စဉ်းစားရ ကျပ်သွားသည်။

7 က 4 ထပ် လုပ်ထားတယ်ဆိုတော့ ကြားထဲမှာ 3 ထပ် ရှိနေသေးလို့လား. . .။

ဒါဆို သုံးထပ် ကိန်းဂဏန်းက ဒီဆိုင်ထဲမှာ ရှိမယ် ထင်တယ်။ သို့သော် ရှာလျှင် မတွေ့ဖို့ များနေသောကြောင့် ရရှိသော ကိန်းဂဏန်းများကိုသာ စဉ်းစားနေလိုက်သည်။

ဖုန်များပေါ်တွင် ရေးချလိုက်၊ လက်နှင့် ပြန်ဖျက်လိုက်၊ နေရာရွှေ့ပြီး အခြားဖုန်ရှိသည့်နေရာများတွင် ချရေးလိုက်နှင့် တော်တော်ကြီးကို အလုပ်ရှုပ်သွားသည်။

ကြမ်းပြင်တစ်ခုလုံးလည်း ကိန်းဂဏန်းများဖြင့် ပြည့်နေ၏။ နောက်ဆုံး ရေးစရာနေရာ မရှိသောကြောင့် ဘယ်နေရာများ

www.burmeseclassic.com



ရှိဦးမလဲရှာရင်း ဆိုင်ကောင်တာပေါ်ရှိ ဖုန်များကို မြင်သွားပြီး ဝမ်းသာအားရဖြစ်ကာ နောက်ဆုံး စဉ်းစားထားသော ကိန်းဂဏန်းကို ချရေးလိုက်သည်။

"ဟာ. . ."

"ဟုတ်တယ်"

"ဖြစ်နိုင်တယ်"

တစ်ယောက်တည်း ဝမ်းသာအားရ ရေရွတ်ရင်း ဖုန်များပေါ်တွင် တစ်ဖက်ပါ ကိန်းဂဏန်းများအား ချရေးလိုက်ပြန်သည်။

၂ နာရီခွဲဖို့ ငါးမိနစ်သာ လိုတော့သည့်အချိန် ဖြစ်သည်။

■

$$3^2 + 4^2 = 5^2$$

$$3^3 + 4^3 + 5^3 = 6^3$$

$$3^4 + 4^4 + 5^4 + 6^4 = 7^4 - 143$$

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ဟုတ်တယ်. . . အံကိုက်ပဲ"

တစ်ယောက်တည်း သွေးရူးသွေးတန်း အော်ဟစ်ဝမ်းသာနေသည်။

'ကြာညို. . . ကြာညို'ဟုလည်း ရေရွတ်နေသေး၏။

"ဖြစ်နိုင်တယ်. . . ဖြစ်နိုင်တယ်"

ဟုဆိုပြီး ခုနက ကိန်းဂဏန်းများဘေးတွင် တွက်ပြီးသား အဖြေများကို တစ်ခုချင်းစီ ချရေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



$$
\begin{aligned}
3^2 + 4^2 &= 5^2 \\
9 + 16 &= 25 \\
25 &= 25
\end{aligned}
$$

$$
\begin{aligned}
3^3 + 4^3 + 5^3 &= 6^3 \\
27 + 64 + 125 &= 216 \\
216 &= 216
\end{aligned}
$$

$$
\begin{aligned}
3^4 + 4^4 + 5^4 + 6^4 &= 7^4 - 143 \\
81 + 256 + 625 + 1296 &= 2401 - 143 \\
2258 &= 2401 - 143 \\
2258 &= 2258
\end{aligned}
$$

www.burmeseclassic.com

www.burmeseclassic.com

(၄၀)

နောက်ဆုံး ကိန်းတန်းသည် 143 ကို နုတ်မှသာ တူညီသည့် အဖြေရသည်။

ဒါဆို စာအုပ်တွေမှာ 143 ကို မထည့်ဘဲ နုတ်ထားတယ်လို့ ဆိုလိုတာလား. . .။

ဒါမှမဟုတ် ဒီကိန်းဂဏန်းဟာ ရှိပြီးသား ကိန်းဂဏန်းတစ်ခုလား. . . ဆိုင်ရှင်အဘိုးကြီး ဉာဏ်ရည်ဉာဏ်သွေး ပြောင်းတုန်းက ရေးခဲ့တာလား. . .။

သေချာတာကတော့ 143 ကို နုတ်မှသာ တူညီသည့် အဖြေရသည်။

143 ဆိုတဲ့ နံပါတ်စဉ်ကို အချစ်ဆိုင် အမှတ်တရစာအုပ်ထဲက ဘာဖြစ်လို့ နုတ်ရတာလဲ. . .။

ထိုမေးခွန်းသည် သူ့ခေါင်းထဲသို့ ရောက်လာ၏။

အဖြေ နီးစပ်နေပြီဟုလည်း ခံစားလာရသည်။

www.burmeseclassic.com

www.burmeseclassic.com

မတ်တတ်ရပ်ပြီး ဟိုဟိုဒီဒီ လမ်းထလျှောက်လိုက်သည်။

စဉ်းစားရကျပ်လာသောကြောင့် လျှောက်လုပ်မိနေခြင်း ဖြစ်သည်။

အပေါ့သွားချင်လာသည်။

ထို့ကြောင့် အိမ်သာတံခါးကို ဖွင့်လိုက်၏။

အိမ်သာမှာ ပျက်စီးနေပြီ ဖြစ်သော်လည်း အပေါ့သွားလို့တော့ ရသေးသည်။ အိမ်သာမှန်ကတော့ အက်ကွဲနေပြီ ဖြစ်သည်။

သို့သော် ကြည့်လို့တော့ ရနေသေး၏။

ထိုအခါမှပဲ မိမိရုပ်ကို သေချာကြည့်မိသည်။ ညှင်းသိုးသိုး ပုံစံပေါက်နေပြီး ဆံပင်များကလည်း ရှုပ်ပွနေသည်။

အကျီနှင့် လက်များမှာလည်း ဖုန်များ ပေနေပြီး တစ်ကိုယ်လုံးလည်း ညစ်ပတ်နေ၏။

ထိုစဉ် အပေါ့သွားနေရင်းမှ အတွေးတစ်ခု ရလိုက်သည်။

'143 ဆိုတာ မှတ်တမ်းစာအုပ်ထဲက ကိန်းဂဏန်းဆိုရင် အခြားဂဏန်းတွေကရော မှတ်တမ်းစာအုပ်ထဲက ကိန်းဂဏန်းတွေ မဖြစ်နိုင်ဘူးလား'

ကိစ္စကို လက်စသတ်လိုက်ပြီး အိမ်သာထဲက ပြေးထွက်လိုက်သည်။ ထို့နောက် စတိုခန်းရှေ့တွင် ရပ်ကာ အခန်းထဲသို့ အလျင်အမြန် ဝင်ချလိုက်သည်။

■

(၄၁)

စင်ပေါ်က မှတ်တမ်းစာအုပ်များကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ စာအုပ်တွေ တော်တော်များသောကြောင့် မနည်းမ,ယူရသည်။

"ဘုတ်"

စာအုပ်များ ချနေစဉ် စာအုပ်လေးတစ်အုပ်က ထိုမှတ်တမ်းစာအုပ်များကြားထဲကနေ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

ထိုစာအုပ်ကို အပေါ်မှ လှမ်းကြည့်လိုက်ရာ စာအုပ်ပေါ်တွင်-

**The Urban Dictionary**

ဟု ရေးထားသည်ကို တွေ့ရလေသည်။

စာအုပ်ကို ဖွင့်ကြည့်မိသည်။

"ဟာ. . ."

စိတ်ဝင်စားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုသော် စာအုပ်မှာ သင်္ချာဂဏန်းအဘိဓာန် ဖြစ်နေသောကြောင့် ဖြစ်သည်။ စာမျက်နှာအချို့ကို ကျော်ပစ်လိုက်သည်။

ရှာစမ်း. . .

ရှာစမ်း. . .

ဟော. . . တွေ့ပြီ. . .။

သူသိချင်သော 143 ဂဏန်း၏ဘေးတွင် တစ်ဖက်ပါ အဓိပ္ပာယ်ရသော စာသားများအား အင်္ဂလိပ်လို ရေးထားလေ၏။

■

| | |
|---|---|
| **143** | **= I Love You** |
| **143637** | **= I Love You Alwais And Forever** |
| **1432** | **= I Love You 2** |
| **1432146** | **= I Love You As A Best Friend** |
| **14324** | **= I Love You So Much** |
| **1434** | **= I Love You Most** |
| **14325** | **= I Love You To Death** |

(မှတ်ချက်။ ။ ထိုအဘိဓာန်ထဲက အချို့ကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

"143 ရဲ့ အဓိပ္ပာယ်က I Love you ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

တစ်ကိုယ်တည်း ရေရွတ်ပြီး တီးတိုးပြောမိသည်။

ထို့နောက် အချစ်ဆိုင် အမှတ်တရ မှတ်တမ်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ယူကြည့်၏။ စတိုခန်းထဲတွင် ဘောပင်တစ်ချောင်း တွေ့သောကြောင့် ထိုမှတ်တမ်းစာအုပ်များထဲတွင် ဟိုခြစ် ဒီခြစ် လုပ်လိုက်၊ စဉ်းစားလိုက်နှင့် အလုပ်ရှုပ်သွားသည်။

စာအုပ်များကလည်း သူ့ဘေးနားတွင် တောင်လို ပုံနေလေသည်။

အချိန်မှာ မနက် ၄ နာရီ ရှိပြီ ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၂)

သူ့ရှေ့တွင် သိမ်းသန့်ချထားသော စာအုပ်သုံးအုပ်ကို တစ်ချက်ကြည့်လိုက်သည်။

သူသည် အဖြေတစ်ခုကို ရှာတွေ့ပြီဟု ယုံကြည်လိုက်သည်။ အပြင်က နေရောင်ဝင်လာမှသာ ညက တစ်ရေးမှ မအိပ် ရသေးကြောင်း သတိရသည်။

သို့သော် စိတ်လောနေမှုကြောင့် မအိပ်ချင်ပေ. . .။ လူကတော့ နွမ်းချည့်နေ၏။

မတတ်နိုင်. . .။

သူနေသော မြို့သို့ ပြန်ရမည်။

အချစ်ဆိုင် (၂)မှ ဦးဝင်းတင်နဲ့ တွေ့ရမည်။ ပြီးတော့ သူချစ်သူကို ကယ်ရမည်။

အခုအချိန်မှာ သူ ဒါပဲ သိနေသည်။



ဒါပေမယ့် သူ အခုတွေ့ထားတာတွေက အမှန်တွေဖြစ်ပြီး သူချစ်သူအသက်ကို ကယ်နိုင်ပါ့မလားဆိုတာကို သူကိုယ်တိုင်လည်း သေချာ မသိသေးပေ။

မျှော်လင့်ချက်. . .

ဟုတ်တယ်. . . သူတွေ့သောအရာမှာ မျှော်လင့်ချက်တစ်ခုဖြစ်ကောင်း ဖြစ်နိုင်သည်။

သူ့ရှေ့က အချစ်ဆိုင် အမှတ်တရ မှတ်တမ်းစာအုပ် သုံးအုပ်ကို ကောက်ကိုင်လိုက်ပြီး တစ်ညလုံး ထိုင်နေသည့်နေရာမှ လူးလဲထလိုက်သည်။

ညောင်းညာကိုက်ခဲမှုကို ဂရုမပြုမိဘဲ ဆိုင်ပေါက်ဝသို့ ဒယီးဒယိုင်လျှောက်သွားမိသည်။

ဆိုင်တံခါးကို ဖွင့်လိုက်သောအခါ သန့်ရှင်းသောလေကြောင့် လန်းဆန်းသလိုတော့ ဖြစ်သွားသည်။

သူ. . . . သူ့မြို့ကို အမြန်ရောက်အောင် ပြန်ရဦးမည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၃)

ဦးဝင်းတင်သည် ပုံမှန်ဖွင့်နေကျအချိန်ထက် စောပြီး ဆိုင်ကို ဖွင့်လိုက်သည်။ အခုတလော စိတ်မကြည်မလင် ဖြစ်နေသော်လည်း ဆိုင်ကိုတော့ ဖွင့်ရပေမည်။

ကောင်တာကို သွားပြီး သန့်ရှင်းရေး လုပ်လိုက်သည်။

ဆိုင်တစ်ခုလုံး သန့်ရှင်းရေးကိုတော့ ဆိုင်က မိန်းကလေး နှစ်ယောက်လာမှ လုပ်ပေလိမ့်မည်။

ကောင်တာက ဖုန်များကို ခါရင်း ဆိုင်ရဲ့ အမှတ်တရ မှတ်တမ်းစာအုပ်ကို ကြည့်မိသည်။

သက်ပြင်းချလိုက်ရင်း စာအုပ်ကို လှမ်းဆွဲယူလိုက်သည်။

စာအုပ်ကို ဖွင့်လိုက်ရာ မင်္ဂလာဆောင်ဖိတ်စာတစ်ခု ထွက်လာ၏။ ဆိုင်ကိုလာတဲ့ စုံတွဲတစ်တွဲက သူ့ကို ဖိတ်ထားခြင်း ဖြစ်သည်။ အချစ်ဆိုင်က သူတို့ရဲ့ အချစ်နယ်မြေဆိုပြီးတော့ပေါ့. . .။



သူကတော့ ထိုသို့ ဖိတ်စာမျိုး မကြာခဏ ဖိတ်ခံရသောကြောင့် အထူးအဆန်း မဖြစ်ဘဲ အံဆွဲထဲ ထည့်ထားလိုက်သည်။

နောက်ဆုံးနံပါတ်စဉ်ကို ကြည့်လိုက်သည်။

နံပါတ်စဉ် 201 ရောက်နေပြီ ဖြစ်သည်။

သူ့ဆိုင်၏ စာအုပ်များသည် နှစ်လတစ်ခါဆိုသလို စာအုပ်ပြောင်းရလေ့ရှိသည်။ တစ်ခါတစ်ရံ လူများသည့် လများတွင် တစ်လကျော်ကျော်လေးနဲ့ စာအုပ်ပြောင်းရလေ့ရှိသည်။

စာအုပ်က အချစ်ဆိုင်ပုံပါသည့် အဖုံးနှင့်ပြုလုပ်ထားပြီး သူ့အဖေ လက်ထက်ကတည်းက အသုံးပြုခဲ့သည့် စာအုပ်အမျိုးအစား ဖြစ်သည်။

စာအုပ်ကို ပြန်ပိတ်လိုက်သည်။

ထိုစဉ် ဆိုင်တံခါးပွင့်သွားသောကြောင့် ဆိုင်ပေါက်ဝကို လှမ်းကြည့်လိုက်သည်။

"ဟာ. . ."

ညင်းသိုးသိုးပုံစံဖြင့် ဝင်လာသော ဖွဲဇန်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတညိတ်ညိတ်နှင့် လုပ်နေလေသည်။

ဦးဝင်းတင်ကတော့ ဖွဲ့ဇန်လုပ်သမျှ လိုက်ကြည့်နေရသည်။

ဖွဲ့ဇန်က လက်လှည့်စက်ဝိုင်းကြီးကို ကြည့်နေပြန်သည်။

နောက်မှ ဦးဝင်းတင်အရှေ့ လာပြန်ရပ်ရင်း-

“ဦးလေး”

“ဟင်”

“ဦးလေးဆီမှာ 143 နံပါတ်စဉ်ရေးထားတဲ့စာအုပ်တွေ ရှိတယ်မှတ်လား”

“ရှိတယ်”

“ခဏ ယူလို့ရမလား”

“ဘာလုပ်မလို့လဲ”

ဖွဲ့ဇန်က အချစ်ဆိုင် (၁)ကို သွားခဲ့သည်မှအစ ယခုအချိန်ထိ အကြောင်းများကို အကျဉ်းချုံးပြောပြလိုက်သည်။

ဖွဲ့ဇန်စကားကို နားထောင်ရင်း ဦးဝင်းတင်က ပန်းချီကားကို ထကြည့်သည်။ ထို့နောက် လက်လှည့်စက်ဝိုင်းကို ကြည့်ပြန်သည်။

ထို့နောက် ဖွဲ့ဇန်ရေးပြထားသော သင်္ချာစာတန်းကို ကြည့်ပြီး စတိုခန်းထဲသို့ အလျင်အမြန် ဝင်သွားလေသည်။

■

(၄၄)

“ဦး. . . ကျွန်တော်သိခဲ့ပြီ”

အချစ်ဆိုင် (၁)ဟု နာမည်တပ်ထားသည့် စာအုပ်သုံးအုပ်ကို ကောင်တာပေါ် တင်ရင်း လှမ်းပြောသည်။

“ဘာ. . . ဘာကို သိခဲ့တာလဲ”

“143 ကို ဘာကြောင့် မထည့်နိုင်းတာလဲ ဆိုတာ”

“ဟာ”

ဦးဝင်းတင်သည် မယုံကြည်နိုင်ဘဲ မျက်လုံးအပြူးသားနဲ့ ကြည့်နေသည်။

ဖွဲ့ဇန်ကလည်း ဦးဝင်းတင်ရှေ့ရှိ ကောင်တာခုံတွင် ဝင်ထိုင်လိုက်ပြီး တစ်စုံတစ်ခု သတိရသွားသောကြောင့် အချစ်ဆိုင်အဝင်အဝရှိ တစ်ခုတည်းသော ပန်းချီကားဆီသို့ လျှောက်သွားလိုက်သည်။

ပန်းချီကားရဲ့ အောက်ဘက်ထောင့်ကို သေချာကပ်ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com

## (၄၅)

ဇွဲဇန်က ဦးဝင်းတင်ယူလာသော စာအုပ်ထဲမှ တစ်အုပ်ကို ဆွဲယူလိုက်သည်။ ပြီးနောက် သင်္ချာဂဏန်းများကို လက်ညှိုးထိုးပြလိုက်ပြီး-

“143 ဆိုတဲ့ ဂဏန်းနေရာက ကျွန်တော်တို့စုံတွဲဖြစ်မယ်ဆိုရင် အခြားဂဏန်းတွေကလည်း အခြားစုံတွဲတွေ မဖြစ်နိုင်ဘူးလား”

ဦးဝင်းတင်က ဘာမှပြန်မပြောဘဲ ငြိမ်နေပြီး ဇွဲဇန်ပြောသမျှကိုပဲ နားထောင်နေသည်။ ဇွဲဇန်က-

“ဒီတော့. . . ဒီပထမသင်္ချာဂဏန်းစာကြောင်းတွေကို ကြည့်” ဟု ဆိုလိုက်ပြီး ပထမဂဏန်းစာကြောင်းများကို ထိုးပြသည်။

$3^2 + 4^2 = 5^2$

$9 + 16 = 25$

$25 = 25$



“143 ရေးထိုးထားတဲ့ အချစ်ဆိုင် အမှတ်တရ မှတ်တမ်းစာအုပ်တွေထဲက No. 9 ရယ်၊ 16 ရယ်ကို အရင်ကြည့်ရမယ်”

“အင်း”

ဦးဝင်းတင်က စာအုပ်ကို လှန်လိုက်ပြီး ရှာသည်။

No. 9 ကို အရင်တွေ့၏။

“တွေ့လား. . . ဦး”

| စဉ် | အမည် | အမည် | လက်မှတ် | ------- |
|---|---|---|---|---|
| 7 | ------- | ------- | ------- | ------- |
| 8 | ------- | ------- | ------- | ------- |
| 9 | ချစ်ဝေ | စိုးစိုးနိုင် | ------- | ------- |
| 10 | ------- | ------- | ------- | ------- |

“တွေ့တယ်”

ထို့နောက် ဦးဝင်းတင်သည် No. 16 ကို ထပ်တွေ့ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အမည် | အမည် | လက်မှတ် | ------- |
|---|---|---|---|---|
| 14 | ------- | ------- | ------- | ------- |
| 15 | ------- | ------- | ------- | ------- |
| 16 | ဝဏ္ဏ | နန်းနီခင် | ------- | ------- |
| 17 | ------- | ------- | ------- | ------- |

ဦးဝင်းတင်က ဖွဲ့ဇန်ကို ပြလိုက်သည်။

ဖွဲ့ဇန်ကလည်း သင်္ချာဂဏန်းများကို ပြန်ပြပြီး ထိုဂဏန်းများပေါ်တွင် ထပ်ဝိုင်းပြပြန်သည်။

$3^2 + 4^2 = 5^2$

$9 + 16 = 25$

$25 = 25$

"ဦး. . . အဲဒီစာအုပ်ရဲ့ နံပါတ်စဉ် 25 ကို ကြည့်ပါဦး"

ဦးဝင်းတင်က စာရွက်ကို လှန်လိုက်သည်။

လက်ညှိုးနှင့် ထောက်ပြီးရှာကာ တစ်နေရာအရောက်၌ ရပ်သွားသည်။

"ဟင်"

တစ်ဖက်ပါအတိုင်း တွေ့ရသည်။



| စဉ် | အမည် | အမည် | လက်မှတ် | ------- |
|---|---|---|---|---|
| 23 | ------- | ------- | ------- | ------- |
| 24 | ------- | ------- | ------- | ------- |
| 25 | ချစ်ဝေ | နန်းနီခင် | ------- | ------- |
| 26 | ------- | ------- | ------- | ------- |

"သူ. . . သူတို့တွေက ဘယ်လိုဖြစ်ပြီး. . ."

"ဟုတ်တယ် ဦး. . . No 9 အတွဲက မောင်ချစ်ဝေနဲ့ No 16 အတွဲက မနန်းနီခင်တို့ ကြိုက်မိကြပြီး ဒီဆိုင်ကို ထပ်ရောက်လာပုံရတယ်"

"ဒါဆို အရင်လက်တွဲဖော်တွေနဲ့ ကွဲကြတာပေါ့"

"အဲဒီလိုပုံစံပါပဲ. . . No . 25 က မောင်ချစ်ဝေဆိုတာလည်း အခြား မောင်ချစ်ဝေလို့ ထင်စရာအကြောင်း မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်ရေးက အတူတူဖြစ်နေလို့ပါ. . . ဦးဆိုင်ကို လာတဲ့ ရက်ကတော့ တစ်လလောက် ခြားပါတယ်။ ကြားထဲမှာ ဦးဆိုင်ကလည်း လူသိပ်မဝင်တဲ့ကာလ ဖြစ်နေတာကြောင့် နံပါတ်စဉ် သိပ်မတက်ဘူး"

"ဟုတ်တယ်. . . အဲဒီကာလတွေဆို လူသိပ်မဝင်ဘူး"

"ဒါကြောင့် နံပါတ်စဉ် သိပ်မကွာတာပါ"

"ဒါနဲ့ မောင်ဖွဲ့ဇန်ရဲ့ ဆိုလိုရင်းက. . ."

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ သစ္စာမရှိကြဘူးပေါ့"

ထိုသို့ပြောပြီး ဇွဲဇနိကာ နောက်ထပ် သင်္ချာဂဏန်းများထဲက တစ်ခုကို ထပ်ဝိုင်းပြပြန်သည်။

$3^3 + 4^3 + 5^3 = 6^3$

$27 + 64 + 125 = 216$

$216 = 216$

ဦးဝင်းတင်က ဒီတစ်ခါတော့ ရိပ်မိသွားပြီး ဘာမှ ပြောစရာ မလိုဘဲ ခုနက စာအုပ်ကိုပဲ ထပ်လှန်ပြန်သည်။

| | | | | |
|---|---|---|---|---|
| 27 | စိုးထိုက် | သီတာအောင် | ------- | ------- |
| 64 | ငြိမ်းခိုင်မြင့် | ကေခိုင် | ------- | ------- |
| 125 | စိုးထိုက် | ကေခိုင် | ------- | ------- |

"အင်း. . . ဒီအတွဲတွေလည်း အတူတူပဲ"

ဦးဝင်းတင်က စာအုပ်ကို ကြည့်ပြီး ရေရွတ်သည်။

"ပြီးရင်. . . အဲဒီစာအုပ်ထဲကပဲ နံပါတ်စဉ် 216 ကို ကြည့်ဦး"

$3^3 + 4^3 + 5^3 = 6^3$

$27 + 64 + 125 = 216$

$216 = 216$



216 နံပါတ်စဉ်ပါနိုင်သော စာမျက်နှာကို ခပ်သွက်သွက်လေး လှန်လိုက်သည်။

| | | | | |
|---|---|---|---|---|
| 216 | ဝင်းငြိမ်း | ကေခိုင် | ------- | ------- |

"ဟင်. . . ဒီကေခိုင်ဆိုတဲ့ ကောင်မလေးက တတိယ တစ်ယောက်နဲ့ ဒီဆိုင်ကို ပြန်လာတာပေါ့"

"ဟုတ်တယ်"

ဇွဲဇနိကာ တိုးတိုးလေး ရေရွတ်သည်။

ထို့နောက် သက်ပြင်းချလိုက်ပြီး-

"နောက်ဆုံး ကိန်းဂဏန်းတွေကို ကြည့်ရမယ်"

ဦးဝင်းတင်မှာလည်း တော်တော်လေး စိတ်ဝင်စားလာလေသည်။

ထို့ကြောင့် ဇွဲဇနိရေးထားသော နောက်ဆုံးကိန်းဂဏန်းအစုကို ကြည့်လိုက်သည်။

$3^4 + 4^4 + 5^4 + 6^4 = 7^4 - 143$

$81 + 256 + 625 + 1296 = 1401 - 143$

$2258 = 2401 - 143$

$2258 = 2258$

www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| 81 | ပြည့်ဖြိုးအောင် | သင်းသင်းနွယ် | ------- | ------- |
| 256 | ဝင်းထက်အောင် | နွယ်နီ | ------- | ------- |
| 625 | ပြည့်ဖြိုးအောင် | နွယ်နီ | ------- | ------- |
| 1296 | အောင်ကျော် | နွယ်နီ | ------- | ------- |

ဦးဝင်းတင်က သက်ပြင်းချသည်။

ထူးထူးဆန်းဆန်း တိုက်ဆိုင်မှုပင် ဖြစ်သည်။

"ဦးတို့စာအုပ်ရဲ့ နောက်ဆုံးနံပါတ်စဉ်ဖြစ်တဲ့ 2258 ကို ကြည့်ပါဦး"

စာအုပ်၏နောက်ဆုံးကို လှန်လိုက်သည်။

| | | | | |
|---|---|---|---|---|
| 2258 | ဖြိုးကိုကို | နွယ်နီ | ------- | ------- |

"သူ. . . သူက စတုတ္ထတစ်ယောက်နဲ့ပဲ"

"ဟုတ်တယ် ဦး. . . အချစ်ဆိုင်ရဲ့ စာအုပ်တိုင်းမှာ အဲဒီ ဖော်မြူလာအတိုင်း ဖြစ်နေတယ်"

"ဟင်. . . ဟုတ်လား"

ဦးဝင်းတင်သည် 143 ရေးထားသည့် အခြားစာအုပ်ကို ဆွဲယူ



လိုက်ပြန်သည်။ စာရွက်များကို တဖျပ်ဖျပ် လှန်ကြည့်ရင်း တော်တော်လေးလည်း အံ့သြနေသည်။ ဇွဲဇန်ပြောသည့် ဖော်မြူလာ အတိုင်း ဖြစ်နေသည်။

"ဒါဆို ဘာဖြစ်လို့ 143 ကို စာအုပ်က နုတ်ရတာလဲ"

"ဒီလို ဦးရဲ့. . . သူတို့တွေက အချစ်ကို တန်ဖိုးမထားကြဘူး။ သစ္စာမရှိကြဘူးဆိုတာ ဦးအမြင်ပဲလေ"

"အင်း"

"ဦးအဖေရဲ့စာအုပ်လို့ ယူဆရတဲ့ The Urban Dictionary မှ 143 ကို I Love you လို့ အဓိပ္ပာယ်ဖွင့်ထားတာ တွေ့ရတယ်"

". . . . . . ."

ဦးဝင်းတင်မှာ အံ့သြတကြီးနဲ့ နားထောင်နေရသည်။

"ဒီတော့ 143 နံပါတ်စဉ်မှာ ကျတဲ့ စုံတွဲတွေဟာ တစ်ယောက်ကို တစ်ယောက် တော်တော်ချစ်ပြီး သစ္စာရှိတဲ့ စုံတွဲတွေ ဖြစ်ရမယ်ဆိုတဲ့ ပုံစံဖြစ်နေတယ်။ ဥပမာ. . . 143 နံပါတ်စဉ်မှာ ဆုံးသွားတဲ့ 'ကိုမင်းကို'ဆိုရင် သူ့ကောင်မလေးကို အခုထိ ချစ်နေတုန်းပဲဆိုတာ တွေ့ရတယ်"

"အင်း"

"ဒီတော့ ဒီဖော်မြူလာအတိုင်းဖြစ်လို့ 143 နံပါတ်စဉ်ကို သင်္ချာကိန်းဂဏန်းထဲမှာလည်း နုတ်ရသလို အဲဒီအထဲကအတိုင်းပဲ စာအုပ်ထဲမှာလည်း ဖယ်ပေးရမယ်လို့ ယူဆလို့ရတယ်။ ဖယ်ပေး

www.burmeseclassic.com

www.burmeseclassic.com

ဘဲနဲ့ ရေးခဲ့ရင် ဖောက်ပြန်တဲ့သူက ကောင်မလေးတွေဖြစ်နေတော့ 143 နံပါတ်စဉ်က ကောင်မလေး ဒုက္ခရောက်ရတာလို့ ယူဆရတာပဲ"

"မယုံနိုင်စရာဘဲ"

"ဟုတ်တယ်. . . ကျွန်တော်လည်း မယုံသေးပါဘူး။ ဒါပေမယ့် တိုက်ဆိုင်နေတော့ မယုံလို့လည်း အခက်သား"

ဦးဝင်းတင်သည် အခြားစာအုပ်များထဲတွင် 9, 16 , 25 , 27 , 64, 125, 216 , 81, 256, 625, 1296, 2258 စသည့် စာအုပ်အဟောင်းများထဲက နံပါတ် စဉ်များကို တစ်ခုချင်းစီ ထပ်ကြည့်ပြန်သည်။

"ဘာဖြစ်လို့ အဲဒီလို ဖြစ်ရတာလဲ"

ဦးဝင်းတင်က ဇွဲဇော်ကို မေးသည်။

"အဲဒါတော့ မသိဘူး. . . ဦးအဖေက အဲဒီလို ဖြစ်နေမှန်းသိခဲ့လို့ ဦးတို့ကို 143 နံပါတ်စဉ်ကို ကျော်ခိုင်းတာ ထင်တယ်"

"အဖေက ထူးတော့ ထူးဆန်းတဲ့ လူတစ်ယောက်ပဲ"

"သူက ကိန်းဂဏန်းတွေအကြောင်းနဲ့ ဘာသာစကားတွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်တယ်ဆို"

"ဘာသာစကားတော့ ရက်ပိုင်းအတွင်း တတ်တာ"

"သူ့လို လူမျိုးကို ကြားဖူးတယ်. . . အနောက်နိုင်ငံမှာ တော်တော်များတယ်. . . Mr. Daniel Tamnet ဆိုရင် ဦးအဖေနဲ့ တော်တော်တူတယ်"



"သူလည်း အဲဒီလို ဖြစ်တာပဲလား"

"ဟုတ်တယ်"

"သူတို့ကတော့ ရှားပါးတဲ့အရာ ရရှိခြင်းလို့ ဆိုကြတယ်"

နှစ်ယောက်စလုံး ငြိမ်သွားကြသည်။

အခြေအနေအတိုင်းဆိုရင် စာအုပ်ထဲက ပုံသေဖြစ်နေသော အဖြစ်အပျက်ဖော်မြူလာသည် အမှန်လို့ ယူဆရမလို ဖြစ်နေသည်။

နာရီကို ကြည့်လိုက်သည်။ သူ့ဝန်ထမ်း ကောင်မလေး နှစ်ယောက် နောက်ဆယ်မိနစ်လောက်ဆိုရင် ဆိုင်ကို ရောက်လာတော့မည် ဖြစ်သည်။

ထိုစဉ် ဦးဝင်းတင်က ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားပြီး-

"ဒါနဲ့. . . မင်းကောင်မလေးကို ဘယ်လိုကယ်တင်ရမလဲ ဆိုတာရော သိပြီလား"

ဟု အလန့်တကြား မေးလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



သစ္စာမရှိတဲ့ သူတွေကြောင့်
သစ္စာရှိတဲ့လူ ဘေးဖယ်ရစတမ်းဆိုရင်
မင်းနဲ့ငါနဲ့
လမ်းဘေးမှာ ထိုင်နေရအောင်

www.burmeseclassic.com

www.burmeseclassic.com

(၄၆)

"သေချာတော့ မသိဘူး. . . စမ်းကြည့်ရမှာပဲ"

"အေးလေ. . . ဒါကြီးတစ်ခုလုံးကလည်း ယုံရခက်ကြီးပဲဟာ"

ဦးဝင်းတင်က ကောင်တာမှ ကော်ဖီနှစ်ခွက် သွားယူရင်း ဇွဲဇန်ရှေ့သို့ ကော်ဖီတစ်ခွက် ချပေးသည်။

ဇွဲဇန်ကလည်း အခုမှပဲ ဗိုက်ဆာနေတာကို သတိရသည်။

ထို့ကြောင့် ကော်ဖီကို တကျိုက်တည်း မော့သောက်လိုက်သည်။

"ကျွန်တော်တို့ ချစ်သူနှစ်ဦးအမည်ပါတဲ့. . . ဦးလက်ရှိ ရေးလက်စ အမှတ်တရ မှတ်တမ်းစာအုပ်မှာ နံပါတ်စဉ် ဘယ်လောက်ရောက်နေပြီလဲ"

"201 ကို ရောက်နေပြီ"

"ကျွန်တော် တွေးထားတာ တစ်ခုရှိတယ်"

"ဘာများလဲ"

www.burmeseclassic.com

www.burmeseclassic.com

"No. 9, No. 16 နဲ့ No. 25 အတွဲတွေကို အရင်ကြည့်ရအောင်"

ဟုဆိုပြီး စာအုပ်ကို ဆွဲယူကာ ကြည့်လိုက်သည်။

အောက်ပါအတိုင်း တွေ့ရသည်။

| | | | | |
|---|---|---|---|---|
| 9 | ဖြိုးဝေလင်း | စန္ဒာ | ------- | ------- |
| 16 | ဟန်သာ | ခင်မေထွန်း | ------- | ------- |
| 25 | ဖြိုးဝေလင်း | ခင်မေထွန်း | ------- | ------- |

အရင်စာအုပ်များ၏ ဖော်မြူလာအတိုင်း တွေ့ရသည်။

"အဲဒီတော့. . ."

ဦးဝင်းတင်က စကားစပေးသည်။

ဇွဲဇန်က 27, 64, 125 နံပါတ်စဉ်များကို ထပ်ကြည့်သည်။ အရှေ့ကပုံစံများအတိုင်း ဖြစ်နေသည်။

နံပါတ်စဉ် 216 ကတော့ နံပါတ်စဉ် မရောက်သေး၍ ဘာမှ မရှိသေးချေ. . .။

"အဲဒီတော့. . ."

ဦးဝင်းတင်က ထပ်မေးပြန်သည်။

"နံပါတ်စဉ်က 201 ပဲ ရောက်သေးတယ်၊ ပြီးတော့ အပေါ်က ဟာတွေကလည်း မှန်လာနေတယ်ဆိုတော့. . . ဒီစာအုပ်မှာ



အရင်က ဖြစ်ပေါ်ခဲ့တဲ့ အစီအစဉ်ကြီးတစ်ခုလုံး ပျက်သွားအောင် လုပ်မှ ဖြစ်မယ်ထင်တယ်"

"ဟင်. . . ဘယ်လိုလဲ"

"216, 256, 625, 1296, 2258 ဆိုတဲ့ နံပါတ်စဉ်တွေမှာ ဒီနေ့ ရောက်လာတဲ့ အတွဲတွေကို နံပါတ်စဉ်ကျော်ပြီး လက်မှတ်ထိုးခိုင်း ရမယ်"

"အစီအစဉ်ပျက်သွားအောင်ပေါ့"

"ဟုတ်တယ်"

"ဒါကတော့ အောက်က ကိန်းဂဏန်းအစုနှစ်ခုကို ဖျက်လိုက် တယ်ဆိုတဲ့သဘောပေါ့"

"အင်း. . . ဒါပေမယ့် အပေါ်ကိန်းဂဏန်းအစုက ပြီးသွားပြီ ဆိုတော့ သူတို့ကိုပါ ထပ်ဖျက်ရမယ်"

"ဟင်. . . ဘယ်လို ဖျက်ရမှာလဲ"

"ဖြိုးဝေလင်းနဲ့ ခင်မေထွန်းတို့ အတွဲကို ခွဲရမှာပေါ့"

"မဖြစ်နိုင်တော့ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ"

ဦးဝင်းတင်က ကောင်တာနောက်ဘက် ပြန်သွားလိုက်သည်။

ထို့နောက် အံဆွဲထဲက ဖိတ်စာလေးတစ်စောင် ထုတ်ပေး သည်။

"သူတို့နှစ်ယောက် မနက်ဖြန် လက်ထပ်တော့မှာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို"

ထိတ်လန့်တကြားဖြင့် ဦးဝင်းတင်လက်ထဲက ဖိတ်စာကို လှမ်းယူဖွင့်ကြည့်လိုက်သည်။

"ဟင်. . ."

ဖိတ်စာထဲတွင် **မောင်ဖြိုးဝေလင်း နှင့် မခင်မေထွန်း** တို့၏ မင်္ဂလာပွဲ ဖိတ်ကြားလွှာဟု ရေးထားသည်ကို တွေ့ရလေသည်။

ရုတ်တရက် ထိတ်လန့်သွားပြီး-

"မဖြစ်ဘူး. . . မဖြစ်ဘူး. . . သစ္စာမရှိတဲ့လူတွေ လက်ထပ်လို့ မဖြစ်ဘူး"

သွေးရူးသွေးတန်း အော်လိုက်သည်။

". . . . . . . ."

"အစီအစဉ်အရဆို သူတို့နှစ်ယောက် ပျက်မှသာ ကျွန်တော့်ကောင်မလေး အသက်ရှင်မှာ. . . ကျွန်တော့်ကောင်မလေး အသက်ရှင်မှာ"

ပင်ပန်းခြင်း၊ တစ်ညလုံး မအိပ်ရခြင်း၊ နွမ်းချိနေခြင်းတို့ကြောင့် ဇွဲဇန်မှာ မူးမိုက်သွားလေသည်။

ဦးဝင်းတင်မှာ ဇွဲဇန်ကို လှမ်းဖက်လိုက်ပြီး ဆိုဖာခုံပေါ်သို့ ခေါ်သွားလိုက်၏။

ခဏကြာသောအခါတွင်-

"မောင်ဇွဲဇန်"



"ဗျာ. . . ဦးလေး"

ငိုသံနည်းနည်း ပါနေသည်။

သူ့ချစ်သူအတွက် စိတ်မကောင်းဖြစ်နေသောကြောင့် ဖြစ်သည်။ ဦးဝင်းတင်က ဇွဲဇန် စိတ်ငြိမ်သွားအောင် ခဏစောင့် နေလိုက်သည်။ ဇွဲဇန် စိတ်ငြိမ်သွားပြီဟု ထင်သည့်အချိန်တွင် စကားတစ်ခွန်း မေးလိုက်လေသည်။

"တကယ်တော့ ပထမဆုံးတွေ့တဲ့ ချစ်သူကို အချစ်စစ်နဲ့ ချစ်တာပါဆိုပြီး ပြောလို့ရလား မောင်ဇွဲဇန်"

သူ မဖြေမိ. . .။

တကယ်လည်း သူ မသိသောကြောင့် မဖြေခြင်းဖြစ်သည်။

သူ့ဘဝမှာ သီရိကြာညိုတစ်ယောက်တည်းကိုသာ ချစ်ဖူးသည်။

"အခုလည်း သူတို့နှစ်ယောက်က တစ်ဦးကိုတစ်ဦး နားလည်ပြီး ချစ်ကြတယ်လို့ ယုံကြည်ကြတဲ့အတွက် လက်ထပ်တာပဲ ဖြစ်မှာပါကွာ။ သူတို့က ဒီဆိုင်မှာ ဒီလိုမျိုး ဖြစ်နေတယ်ဆိုတာ သိမှ မသိဘဲ"

ဦးဝင်းတင်က အေးအေးဆေးဆေးလေး ပြောပြနေသည်။

"ဒါဆို. . . ကျွန်တော်က ကျွန်တော့်ချစ်သူကို စွန့်လွှတ်ရတော့မှာပေါ့"

"မင်းကို တစ်ခုမေးမယ်"

"ဘာလဲ. . . ဦးလေး"

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ မင်္ဂလာပွဲ ဖျက်လိုက်ရင်ရော. . . မင်းကောင်မလေးက တကယ်ပဲ ပြန်သတိရလာမှာလား"

ဇွဲဇန် ခေါင်းငိုက်စိုက်ကျသွားသည်။

"ဒါဆို. . . အခု ကျွန်တော် ဘာလုပ်ရမလဲ"

"မင်းတို့နှစ်ယောက်ရဲ့ ဖူးစာပဲပေါ့ မောင်ဇွဲဇန်၊ မင်း ကောင်မလေးအနား ပြန်နေရင် ကောင်းမယ်ထင်တယ်"

ခေါင်းပြန်မော့ပြီး မျက်ဝန်းက မျက်ရည်များကို သုတ်ပစ်လိုက်သည်။ ထို့နောက် မတ်တတ် ထရပ်လိုက်၏။

"ဦးပြောတာ မှန်ပါတယ်. . . သူတို့နှစ်ယောက်ဟာ တစ်ကြိမ် လမ်းခွဲဖူးရုံနဲ့တော့ သစ္စာမရှိဘူးလို့ ပြောလို့ မရပါဘူး။ အခုလည်း တစ်ဦးနဲ့တစ်ဦး တကယ်ချစ်လို့ လက်ထပ်တော့မှာပဲဥစ္စာ။ ကျွန်တော် ပျော်ရွှင်ဖို့အတွက် သူတို့နှလုံးသားတွေကို မစတေးတော့ပါဘူး။ ကျွန်တော့်ကောင်မလေးရဲ့ နောက်ဆုံးအချိန်မှာ သူ့ဘေးနားမှာနေတာပဲ ကောင်းပါတယ်"

ဦးဝင်းတင် စိတ်မကောင်း ဖြစ်သွားသည်။

ဘာကြောင့် တကယ်ချစ်တဲ့ စုံတွဲတစ်စုံကိုမှ သူတို့ဆိုင်က စတေးနေရတာလဲ။

"ကျွန်တော် သွားတော့မယ်. . . ဦးလေး"

". . . ."

ဘာမှ ပြန်မပြောမိဘဲ ခုံမှာ ငူငူကြီးထိုင်နေမိသည်။



သူ့ရှေ့မှ တဖြည်းဖြည်း ထွက်သွားနေသော ဇွဲဇန်ကို ငေးကြည့်နေမိသည်။ ပါးက ပူခနဲဖြစ်သွားသောကြောင့် သူငိုနေမှန်း သူ့ကိုယ်သူ သတိထားမိသည်။ စိတ်ထဲမှာလည်း သူတို့ဆိုင်၏ စနစ်တစ်ခု ဖြစ်သည့် အမှတ်တရ မှတ်တမ်းစာအုပ်တွင် ရေးရမည်ဆိုတာကို နောက်ပိုင်း မလုပ်တော့ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



143 = I Love you

www.burmeseclassic.com

www.burmeseclassic.com

## (၄၇)

ဘုရားကျောင်းအတွင်း ဧည့်သည်များ ရောက်နေပြီ ဖြစ်သည်။ ဦးဝင်းတင်လည်း နီးစပ်ရာ ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

သတို့သားကတော့ ခရစ်ယာန်သင်းအုပ်ဆရာတော်ကြီး ရှေ့တွင်ရပ်ကာ သတို့သမီးကို မျှော်နေလေသည်။

ဒီလိုမင်္ဂလာပွဲမျိုး တစ်ခါမှ မတက်ဖူးသောကြောင့် ဦးဝင်းတင်လည်း ဟိုကြည့်ဒီကြည့်နှင့် ကြည့်နေရသည်။

ထိုစဉ် ဘုရားကျောင်းတံခါး ပွင့်သွားပြီး သတို့သမီးကို လူကြီးတစ်ဦးက လက်ချိတ်ပြီး ခေါ်လာသည်ကို တွေ့ရသည်။

ခန်းမတစ်ခုလုံး သီချင်းသံများ ထွက်ပေါ်လာပြီး အားလုံး၏ အကြည့်များက သတို့သမီးဆီသို့သာ ရောက်သွားကြလေသည်။

အားလုံး ပြုံးပျော်ရွှင်နေသောကြောင့် ဆေးရုံတွင် ရှိနေ သည့်

www.burmeseclassic.com

www.burmeseclassic.com

လူငယ်စုံတွဲလေးတစ်တွဲကို အမှတ်မထင် သတိရမိပြီး ရင်ထဲမှာ ဆို့နင့်သွားလေသည်။

သတို့သမီး၏ ဖခင်ဖြစ်ပုံရသော အဘိုးကြီးက သတို့သမီးကို သင်းအုပ်ဆရာရှေ့သို့ ပို့ဆောင်ပြီး ရှေ့ဆုံးခုံတွင် ဝင်ထိုင်သည်ကို တွေ့လိုက်ရသည်။

သင်းအုပ်ဆရာတော်က-

"သတို့သားက သတို့သမီးကို အမှန်တကယ် ချစ်မြတ်နိုးပါ၏လော"

သတို့သားကို မေးလိုက်သည်။ သတို့သားကလည်း-

"ချစ်မြတ်နိုးပါသည်"

ဟု ပြန်ဖြေသည်။

ထို့နောက် သင်းအုပ်ဆရာတော်က သတို့သမီးဘက်သို့ လှည့်ပြီး-

"သတို့သမီးကရော သတို့သားကို အမှန်တကယ် ချစ်မြတ်နိုးပါ၏လော"

"ချစ်မြတ်နိုးပါသည်"

သင်းအုပ်ဆရာတော်က ပရိသတ်ဘက်သို့ မျက်နှာမူလိုက်ပြီး-

"ဘုရားသခင်ရှေ့၊ ဤပရိသတ်ရှေ့တွင် မောင်ဖြိုးဝေလင်းနှင့် မခင်မေထွန်းတို့သည် အသရေနှင့်ပြည့်စုံစွာ ထိမ်းမြားဆောင်နှင်းခြင်း မင်္ဂလာကို ယခုပြုကြမည်ဖြစ်သောကြောင့် တရားသဖြင့် ဆီးတားကန့်ကွက်လိုသူ တစ်စုံတစ်ယောက်ရှိလျှင် ယခုဖော်ပြ ပြောဆိုပါ။ သို့မဟုတ် နောက်နောင် ဘယ်သောအခါမျှ ပြောဆိုခွင့်မရှိပါ"



"........"

"........"

သင်းအုပ်ဆရာတော်က နားထောင်နေ၏။ မည်သည့် အသံမှ ထွက်မလာချေ။

"ဘုရားသခင်ရှေ့၊ ဤပရိသတ်ရှေ့တွင် မောင်ဖြိုးဝေလင်းနှင့် မခင်မေထွန်းတို့သည် အသရေနှင့်ပြည့်စုံစွာ ထိမ်းမြားဆောင်နှင်းခြင်း မင်္ဂလာကို ယခုပြုကြမည်ဖြစ်သောကြောင့် တရားသဖြင့် ဆီးတားကန့်ကွက်လိုသူ တစ်စုံတစ်ယောက်ရှိလျှင် ယခုဖော်ပြ ပြောဆိုပါ။ သို့မဟုတ် နောက်နောင် ဘယ်သောအခါမျှ ပြောဆိုခွင့်မရှိပါ"

"............"

"............"

"............"

ပရိသတ်က ငြိမ်နေသည်။

သတို့သားက သတို့သမီးကို ပြုံးပြလိုက်တာ တွေ့ရသည်။ သင်းအုပ်ဆရာတော်က အစီအစဉ်အတိုင်း နောက်ဆုံးတစ်ကြိမ် ထပ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘုရားသခင်ရှေ့၊ ဤပရိသတ်ရှေ့တွင် မောင်ဖြိုးဝေလင်းနှင့် မခင်မေထွန်းတို့သည် အသရေနှင့်ပြည့်စုံစွာ ထိမ်းမြားဆောင်နှင်းခြင်း မင်္ဂလာကို ယခုပြုကြမည်ဖြစ်သောကြောင့် တရားသဖြင့် ဆီးတားကန့်ကွက်လိုသူ တစ်စုံတစ်ယောက်ရှိလျှင် ယခုဖော်ပြပြောဆိုပါ။ သို့မဟုတ် နောက်နောင် ဘယ်သောအခါမျှ ပြောဆိုခွင့်မရှိပါ"

". . . . . . . . . . ."

". . . . . . . . . . ."

". . . . . . . . . . ."

"အဟင့်. . . အဟင့်"

ပရိသတ်တစ်နေရာမှ ငိုရှိုက်သံထွက်ပေါ်လာသောကြောင့် အားလုံးမှာ ထိတ်လန့်သွားပြီး ထိုအသံထွက်လာရာနေရာသို့ အားလုံးကြည့်လိုက်ကြလေသည်။

ကောင်မလေးတစ်ယောက်. . . . . .။

ကောင်မလေးတစ်ယောက် ငိုနေခြင်း ဖြစ်သည်။

ခန်းမတစ်ခုလုံး တီးတိုးသံများဖြင့် ဆူညံသွားပြီး သတို့သမီးက သတို့သားကို ဒေါသတကြီး ကြည့်နေတာကို တွေ့လိုက်ရလေသည်။

"သမီးက. . . ဒီသတို့သားနဲ့ သတို့သမီးတို့၏ လက်ထပ်ခြင်းကို ကန့်ကွက်တဲ့ သဘောလား"

". . . . . . . ."



ကောင်မလေးက ဘာမှပြန်မဖြေဘဲ ငိုပဲငို နေလေတော့သည်။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။

သတို့သမီး၏ မိဘနှစ်ပါး ဖြစ်ပုံရသော အဘိုးကြီးနှင့် အဘွားကြီးက ထိုင်နေရာမှ ဆတ်ခနဲထပြီး ခန်းမထဲကနေ ထွက်သွားလေသည်။

သတို့သားလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားလေသည်။

ကောင်မလေးကလည်း ငိုနေဆဲ ဖြစ်သည်။

ပရိသတ်အချို့ကလည်း ထပြန်သည်။

သတို့သမီးကလည်း ထပြန်နေသော ပရိသတ်များကို ကြည့်ပြီး ရှက်သွားသောကြောင့် ခန်းမထဲကနေ ငိုယိုပြီး ထွက်သွားလေသည်။

မြန်လွန်းသောအဖြစ်အပျက်ကြောင့် ဦးဝင်းတင်မှာ အံ့သြပြီး ငေးကြည့်နေမိသည်။ နောက်မှ သတိရပြီး ထိုင်ရာမှထကာ ခန်းမပေါက်ဝသို့ ထွက်လာခဲ့သည်။ သင်းအုပ်ဆရာတော်ကြီးက ငိုနေသော ကောင်မလေးကို မေးနေသည့်အသံကိုတော့ ကြားဖြစ်အောင် ကြားလိုက်သေးသည်။

"သမီးနာမည် ဘယ်လိုခေါ်လဲ"

ကောင်မလေးက ငိုနေရင်း ပြန်ဖြေသည်။

"စန္ဒာလို့ ခေါ်ပါတယ်"

■

www.burmeseclassic.com

www.burmeseclassic.com


ငါတို့ကြောင့်

သူတို့တွေ

အသည်းမကွဲကြပါစေနဲ့. . . .

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၄၈)

ရာသီဥတုက အေးဆေးဖြစ်နေသည်။ တစ်ခါတစ်ရံ လေပွေ အေးတိုက်သည်မှအပ အပြင်တွင် ပူခြင်း၊ အေးမြခြင်းမရှိဘဲ မျှတသည့် ရာသီဥတု ဖြစ်နေသည်။

လေပွေလေးတွေကြောင့် လွင့်လာသော သစ်ရွက်လေး အချို့ကတော့ "အချစ်ဆိုင်"၏ ဆိုင်းဘုတ်လေးကို လာထိကြသောကြောင့် ဆိုင်းဘုတ်က လှုပ်ယမ်းနေသည်။

အပြင်ကနည်းတူ ဆိုင်ထဲမှာလည်း တိတ်ဆိတ်ငြိမ်းချမ်းနေ၏။ ဆူညံခြင်းမရှိဘဲ ကိုယ့်ခုံ၊ ကိုယ့်နေရာ၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဆင်ပြေနေကြလေသည်။

ဒီနေ့ လူနည်းပါးသောကြောင့် ဆိုင်ရှင်ဦးလေးကြီးက ကောင်တာတွင်ထိုင်ကာ စာအုပ်တစ်အုပ် ဖတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီနှင့်မုန့်ကောင်တာမှ မိန်းကလေးနှစ်ဦးကလည်း စကား တိုးတိုး တိုးတိုးပြောရင်း အလှပြင်နေကြလေသည်။

သူတို့နေရာနှင့် အတွဲများထိုင်သည့် ခုံများသည် တစ်သီး တစ်သန့်စီ ဖြစ်သောကြောင့် သူတို့က အတွဲများကို ဂရုတစိုက် ကြည့်နေရခြင်း၊ အတွဲများကလည်း သူတို့ကို ပြန်ကြည့်နေရခြင်း မရှိသောကြောင့် အဆင်ပြေလေသည်။

အချိန်သည် နေ့ဂယ် ၁၂ နာရီဖြစ်သည်။

ဆိုင်ထဲက အဲယားကွန်း၏ အေးမြမှုကြောင့် ဆိုင်ရှင် ဦးလေး ကြီးမှာ နည်းနည်းအေးသလို ဖြစ်သွားသည်။

ဖတ်နေသည့် စာအုပ်ကလည်း စိတ်ဝင်စားဖို့ မကောင်းသော ကြောင့် ဘေးသို့ ချထားလိုက်ပြီး အံဆွဲထဲရှိ စာရင်းစာအုပ်ကိုယူကာ စာရင်းများကို ပြန်စစ်နေလိုက်၏။

ထိုစဉ် ဆိုင်အဝင်တံခါး ပွင့်သွားပြီး စုံတွဲတစ်တွဲ ဝင်လာ သောကြောင့် အပြင်က လေတချို့ အထဲဝင်လာ၏။

ဝင်လာသော စုံတွဲမှာ ကောင်တာဆီသို့ တန်းသွားလိုက်သည်။

"ဟင်. . . မောင်ဖွဲ့ဇန်"

ဦးလေးကြီးရဲ့ မျက်နှာမှာ အံ့ဩဝမ်းသာသွားပုံရသည်။

ထို့နောက် ဘေးနားက ကောင်မလေးကို သတိထားမိလိုက်သည်။

ဖွဲ့ဇန်ကလည်း ပါလာသော ကောင်မလေးနဲ့ မိတ်ဆက်ပေး လေသည်။



"ဒါ ကျွန်တော့် ကောင်မလေးလေ"

"ဟို. . ."

နှုတ်ဖျားက စကားလုံးများ မထွက်ဘဲ ဖြစ်နေသည်။

"သီရိကြာညိုလေ. . . ဦးရဲ့"

"တကယ်. . ."

"ဟုတ်တယ်. . . သူ ပြန်သတိရလာတယ်"

"ဟာ. . . ဦးလေး ဝမ်းသာလိုက်တာကွာ"

ဦးလေးကြီးမှာ ပြောရင်းပြောရင်း မျက်ရည်များ ကျလာလေ သည်။

"ဦး. . . ဦး. . . တကယ် ဝမ်းသာပါတယ် မောင်ဖွဲ့ဇန်"

"ရပါတယ် ဦးရယ်. . . ကျွန်တော်တို့နှစ်ယောက်လည်း ပျော် နေကြတာပေါ့။ ဒါနဲ့ အမှတ်တရရေးတဲ့ စာအုပ်ရော"

"မရှိတော့ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အဲဒီစာအုပ်ကို ဦးဆိုင်မှာ မထားတော့တာ။ မသိတုန်းက ထားမိတာပေါ့။ သိသွားတော့ တကယ်ချစ်တဲ့သူတွေအတွက် ဦး စာအုပ်တွေကို လွှင့်ပစ်လိုက်ပြီ"

ဖွဲ့ဇန်နှင့် သီရိကြာညိုတို့က ဦးလေးကြီးစကားကို နားထောင် ရင်း သဘောကျသောကြောင့် ရယ်မောနေလိုက်ကြသည်။

■

www.burmeseclassic.com



နောက်ပိုင်းတွင် ဖွဲ့ဇန်က သူချစ်သူကို ဆွဲကြိုးလေးတစ်ခု လက်ဆောင်ပေးသည်။ ထိုဆွဲကြိုးလေးရှိ လော့ကတ်သီးထဲတွင် 143 ဆိုသည့် ဂဏန်းလေးတစ်ခု ရေးထိုးထားသည်။

လေးစားစွာဖြင့်-

လူနေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## စာကြွင်း

The Urban Dictionary တွင်ပါသော 143 = I Love You ဆိုသည့် အဓိပ္ပာယ်မှာ-

1 = I

4 = Love (စကားလုံး ၄ လုံးပါသောကြောင့်)

3 = You (စကားလုံး ၃ လုံးပါသောကြောင့်)

ဖြစ်ပါသည်။

ကျန်စာလုံးများလည်း ထိုအတိုင်းပင် ဖြစ်ပါသည်။ စာမျက်နှာ အခက်အခဲကြောင့် အနည်းငယ်သာ ဖော်ပြရပါသည်။

ထို့ကြောင့် Valentine Day တွင် ထွက်ရှိမည့် သမီးရည်းစား အဘိဓာန် (၂)ထဲတွင် ပြည့်စုံသင့်သလောက် ပြည့်စုံအောင် ဖော်ပြပေးပါမည်။

www.burmeseclassic.com